# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မီးရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၃၃၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် ပဌမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် ပဌမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

### ထူးချွန်အောင်မြင်စွာ ထွက်ပေါ်လာမည့် အားကစားသမားများကို ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်သွားကြရမည်

နေပြည်တော် ဩဂုတ် ၂၉

၂၀၂၄ ခုနှစ် ပဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီ တတိယအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖


**ယနေ့ ဖတ် စ ရာ**

**၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း**

ဥပဒေ | စာ ၃

**ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ် (ဘင်္ဂလားဒေ့ရှ်နိုင်ငံရေး၊ စူပါဆိုင်ကလုန်း)**

ဆောင်းပါး | စာ ၁၀


## ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေထုတ်ပြန်

နေပြည်တော် ဩဂုတ် ၂၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၅၄/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအား အတည်ပြုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ဥပဒေသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ်၊ မတ် ၃၁ ရက်အထိ အကျိုးသက်ရောက်မည်ဖြစ်သည်။ သတင်းစဉ်

# ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၅၄ /၂၀၂၄)**
၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၃။ ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ (က) ၏ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ နောက်ဆက်တွဲဇယားများ အမှတ်စဉ် ၃၉ တွင်ပါရှိသော "ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့်" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၄။ ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင် လည်းကောင်း သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည်လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှတင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့တင်ပို့စဉ် ပေးဆောင်ရသည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

---

## ရှမ်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ်သန်း လေးသောင်းခြောက်ထောင်တန်ဖိုးရှိ လုပ်ငန်း ၂၂ ခု ခွင့်ပြုထား

**တောင်ကြီး ဩဂုတ် ၂၉**

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းခုနစ်ခု ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၆၃ သန်းနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၅ ခု ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၉၂ သန်း အပါအဝင် ငွေကျပ်သန်း ၄၆၂၁၆ ဒသမ ၃၀၁ ကို ခွင့်ပြုပေးထားခဲ့ကြောင်း ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ သိရသည်။

ထို့ပြင် ရှမ်းပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ပြည်တွင်း ၁၄၈၄ ဦးနှင့် ပြည်ပ ၆၈ ဦး ဖန်တီးပေးနိုင်ခဲ့ကြောင်း ဩဂုတ် ၂၈ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၆/၂၀၂၄)ကြိမ်မြောက် အစည်းအဝေးမှ သိရသည်။

အဆိုပါ အစည်းအဝေးသို့ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် တက်ရောက်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများသည် ပြည်နယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေပြီး ဒေသခံများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး ဆောင်ရွက်ပေးရန်အတွက်လည်း ကော်မတီဝင်များသာမက ဆက်စပ်ဦးစီးဌာန၊ လုပ်ငန်းများအားလုံး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအတွင်းရေးမှူး၊ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလေးနိုင်က Aramaw (NyaungShwe)Co., Ltd. ၏ ဒုတိယအကြိမ် တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုပါရန် တင်ပြလာမှုနှင့် San Yang Paper MillIntemational Co.,Ltd. ၏ လုပ်ငန်း ယာယီရပ်နားခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် ရှင်းလင်းတင်ပြသည်။

ရှမ်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက အထွေထွေဆွေးနွေးကြရာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးက ရှမ်းပြည်နယ်အတွင်းရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ အတိုးပေးသွင်းရန် ကျန်ရှိသူများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်စကား ပြောကြားကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

---

## ကချင်ပြည်နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ် ရပ်ကွက်ပေါင်းစုံ အာဟာရချက်ပြုတ်ပြိုင်ပွဲကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၂၉**

ကချင်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က ပြုလုပ်သည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် ရပ်ကွက်ပေါင်းစုံ အာဟာရချက်ပြုတ်သရုပ်ပြပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၂၈ ရက်က မြစ်ကြီးနားမြို့နယ် စုပေါင်းရုံး အတွင်းရှိ မနော‌ရွှေပြည်ခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်အားပေးကြသည်။

ဦးစွာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးဒေါ်နန်ဆိုင်းက လူတိုင်းအနေဖြင့် အာဟာရပြည့်ဝသည့် အစားအစာများကို ရွေးချယ်ဝယ်ယူ စားသုံးတတ်စေရန်၊ အာဟာရချို့တဲ့မှုနှင့် အာဟာရလွန်ကဲမှုတို့မဖြစ်အောင် စုံလင်မျှတစွာ စားသုံးတတ်စေရန်၊ သန့်ရှင်းလတ်ဆတ်၍ ဘေးဥပဒ် အန္တရာယ်ကင်းသော အစားအစာများကို ရွေးချယ်ဝယ်ယူစားသုံးတတ်စေရန်၊ ကျန်းမာရေးကို အထောက်အကူပြုသော အစားအသောက်ဆိုင်ရာ အလေ့အကျင့်များကို သိရှိလိုက်နာကျင့်သုံးတတ်စေရန်တို့သည် အလွန်ပင် အရေးကြီးပါကြောင်း၊ သို့ဖြစ်၍ ယခုလို အာဟာရဗဟုသုတ ဖြန့်ဝေကျင့်သုံးခြင်းဖြင့် ပြည်သူလူထုတစ်ရပ်လုံး ကျန်းမာရေးနှင့် ညီညွတ်သည့် စားသောက်မှုအလေ့အထ ပိုမိုထွန်းကားလာစေပြီး အာဟာရပြည့်ဝ၍ ကျန်းမာကြံ့ခိုင်ထွားကျိုင်းကာ ဉာဏ်ရည်မြင့်မားစွာဖြင့် တိုင်းပြည်အကျိုးအတွက် သယ်ပိုးနိုင်သော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဖြူဖြူသန့်က ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရပြည့်ဝမျှတစွာ ချက်ပြုတ်စားသောက်တတ်စေရန် နည်းလမ်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက အာဟာရချက်ပြုတ် သရုပ်ပြပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြို့ပေါ်ရပ်ကွက်များမှ ချက်ပြုတ်ရေးအဖွဲ့များ၏ ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရပြည့်ဝသည့်အစားအသောက်များအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက အခမ်းအနား တက်ရောက်ကြသည့် မူကြိုကလေးငယ်များအား ဗီတာမင် B1 အားဆေးများကို တိုက်ကျွေးခဲ့ကြပြီး ကလေးငယ်များအတွက် ကစားစရာအရုပ်များကို ဝေငှပေးခဲ့သည်။ **(အပေါ်ပုံ)**



ယင်းနောက် မြို့ပေါ်ရပ်ကွက်များ ချက်ပြုတ်ရေးအဖွဲ့များက အာဟာရပြည့်ဝသော အစားအစာများဖြစ်စေရေး ချက်ပြုတ်သရုပ်ပြသမှုကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရအသင်းများအား လည်းကောင်း၊ ဗဟုသုတကြွယ်ဝသည့် နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင် မိခင်တို့အား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား အာဟာရပြည့်ဝညီညွတ်သည့် အစားအစာများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

**❖ ချီးမြှင့်ခဲ့မှုအနေဖြင့် အာရှနှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲကြီးများအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲကြီးပေါင်း ၂၂ ခုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် (၇၇)ခု၊ ငွေတံဆိပ် (၈၇)ခုနှင့် ကြေးတံဆိပ် (၁၅၉) ခုရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများကို အခမ်းအနားများကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်၍ ဆုကြေးငွေအားဖြင့် ငွေကျပ် (၇၄၅၂၃) သိန်းနှင့် အမေရိကန်ဒေါ်လာ (၁၃၃၉၀၀) တို့ကို အားကစားသမားများအား ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ပေးခဲ့**

**❖ ထိုသို့ ချီးမြှင့်ခြင်းသည် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံဂုဏ်ဆောင်လိုသည့် စိတ်ဓာတ်ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်**

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လောကပါလတရားများကိုပင် ဖြစ်ထွန်းစေနိုင်**

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် အားကစားနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုမှုများစွာရှိသည့်အနက် **"အားကစားသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်းတစ်ရပ်၏ အထိမ်းအမှတ် လက္ခဏာဖြစ်သည်ဟု မှတ်ယူကြသည်၊ တစ်နည်းအားဖြင့် အားကစားသည် လူသားထုတစ်ရပ်လုံး၏ ကျန်းမာကြံ့ခိုင်ရေးကိုရှေးရှုသော ပျော်ရွှင်ရင်ခုန်ကြည်နူးဖွယ် လှုပ်ရှားမှုအဖြစ် လူတစ်ဦးချင်း၊ လူတစ်စု လူတစ်ဖွဲ့မှသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၊ လူမှုအသိုင်းအဝိုင်း တစ်ရပ်လုံးမှသည် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံချင်းစီအကြား လူသားဆန်သော အပြန်အလှန် ရင်းနှီးချစ်ကြည်မှုကို ဖန်တီးပေးနိုင်သည့်အရာဟု သိရှိရပါကြောင်း၊ တစ်နည်းအားဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေး၏ သံတမန်အခင်းအကျင်းတစ်ရပ်အဖြစ် လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ ချစ်ကြည်ခြင်းတည်းဟူသော လောကပါလတရားများကိုပင် ဖြစ်ထွန်းစေနိုင်သည်ဟု မျှော်လင့်ယုံကြည်ကြသည်"** ဟုလည်း အဓိပ္ပာယ်ဖွင့်ဆိုကြကြောင်း။

**မျှော်မှန်းကြိုးစားယှဉ်ပြိုင်သွားကြရမည်**

ပဉ္စမအကြိမ် ကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်သည့် အားကစားသမားများ ထွက်ပေါ်လာနိုင်ပြီး နိုင်ငံတော်အဆင့်၊ အာဆီယံအဆင့် စံချိန်ချိုးနိုင်သည့် အားကစားသမားများလည်း ထွက်ပေါ်လာနိုင်ကြောင်း၊ ထို့အတူ ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထူးချွန်ထက်မြက်သည့် အားကစားသမားများ ထွက်ပေါ်လာမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အဆိုပါ ထူးချွန်အားကစားသမားများကို ရေရှည်ရပ်တည်နိုင်ရေး ပံ့ပိုးပေးရန်လိုကြောင်း၊ အမျိုးသားအားကစားပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအနေဖြင့်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားများအဖြစ် မျှော်မှန်းကြိုးစားယှဉ်ပြိုင်သွားကြရမည်ဖြစ်ကြောင်း။

အမျိုးသားအားကစားပွဲတော် ကျင်းပရန် (၃)လဝန်းကျင်ခန့် အချိန်ရရှိသေးသော်လည်း ကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်မျှော်မှန်းဆောင်ရွက်ထားရန်နှင့် ဖွင့်ပွဲ၊ ပိတ်ပွဲ၊ အခမ်းအနားများ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲ ပွဲစဉ်တစ်လျှောက် လစ်ဟာမှုမရှိအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကို အောင်မြင်လိုသည့် စိတ်ဓာတ်ကောင်းများ၊ အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း၊ ထူးချွန်အောင်မြင်စွာ ထွက်ပေါ်လာမည့် အားကစားသမားများကိုလည်း ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်သွားကြရမည်ဖြစ်ကြောင်း၊ ယခင်အစိုးရများ လက်ထက်တွင်လည်း ထူးချွန်အောင်မြင်ခဲ့သည့် အားကစားသမားများကို ဂုဏ်ပြုချီးမြှင့်ခဲ့သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်လျက်ရှိကြောင်း။

**ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်**

ထိုသို့ ချီးမြှင့်ခဲ့မှုအနေဖြင့် အာရှနှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲကြီးများ အပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲကြီးပေါင်း ၂၂ ခုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် (၇၇)ခု၊ ငွေတံဆိပ် (၈၇)ခုနှင့် ကြေးတံဆိပ် (၁၅၉) ခုရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် နိုင်ငံ့လက်ရွေးစင် အားကစားသမားများကို အခမ်းအနားများကျင်းပပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်၍ ဆုကြေးငွေအားဖြင့် ငွေကျပ် (၇၄၅၂၃) သိန်းနှင့် အမေရိကန်ဒေါ်လာ (၁၃၃၉၀၀) တို့ကို အားကစားသမားများအား ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြောင်း၊ ထိုသို့ ချီးမြှင့်ခြင်းသည် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံဂုဏ်ဆောင်လိုသည့် စိတ်ဓာတ်ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

**အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိ**

နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A) ၌ ဩဂုတ်လ(၁၂)ရက်တွင် ကျင်းပခဲ့သည့် **"၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့"** အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လူငယ်ကဏ္ဍနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် လူမှုရေးဦးတည်ချက် (၃)ရပ်တွင် **"နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"**ဟု ထည့်သွင်းချမှတ်ထားရှိပြီး လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခင်ကထက် ပိုမိုထိရောက်ကျယ်ပြန့်စွာ မြှင့်တင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း။

ထို့ပြင် ယနေ့လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်တိုင်း ကျန်းမာကြံ့ခိုင်အောင် အားကစားနည်းတစ်မျိုးမျိုးကို လေ့လာလိုက်စားစေပြီး အဆိုပါလူငယ်များထဲမှ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာအောင် ဆောင်ရွက်ကြရေးသည် အလေးထားဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ကို အသိပေးမှာကြားလိုသည်ဟု လမ်းညွှန်မှာကြားခဲ့ပါကြောင်း၊ အဆိုပါမှာကြားချက်ကို လုပ်ငန်းလမ်းညွှန်ချက်အဖြစ် မှတ်သားပြီး ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

**မှန်မှန်ကန်ကန်ဆောင်ရွက်**

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင် အားကစားသမားများ၏ အသက်တိကျမှန်ကန်ရေးနှင့် ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ E-id Software အသုံးပြုစစ်ဆေးပေးရန်လိုကြောင်း၊ ယခင်က မိမိဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အောင်နိုင်လိုစိတ်ဖြင့် အသက်ကန့်သတ်ချက်များအား ကျော်လွှားဆောင်ရွက်ခဲ့မှုများရှိကြောင်း၊ သို့ဖြစ်၍ အသက်တိကျမှန်ကန်ရေးအတွက် မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် တားမြစ်ဆေးဝါးသုံးစွဲပြီး ယှဉ်ပြိုင်ခြင်းမရှိစေရန်လည်း ကျန်းမာရေးဝန်ကြီးဌာနက ဆေးပညာရှင်များနှင့် သေချာစွာ ကြပ်မတ်စစ်ဆေးမှသာ မှန်ကန်မျှတသည့် ပြိုင်ပွဲဖြစ်လာမည်ဖြစ်ကြောင်း။

ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများက ကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်နှင့် မမျှော်မှန်းနိုင်သည့် လုပ်ငန်းအခက်အခဲများ ပေါ်ပေါက်လာပါကလည်း တာဝန်ရှိသူအဆင့်ဆင့်က အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပြိုင်ပွဲအမျိုးအစားသတ်မှတ်ခြင်းနှင့် ပြိုင်ပွဲအစီအစဉ်များ၊ ဆုချီးမြှင့်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးနှင့် နေပြည်တော်ကောင်စီဝင်တို့က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ ပိတ်ပွဲ အခမ်းအနားများကို ခေတ်ကာလနှင့် လျော်ညီစွာ နိုင်ငံတော်အဆင့်ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်လျာထားချက်များနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပို့ဆောင်ဆက်သွယ်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီနှင့် ခုံသမာဓိဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ စာပဒေသာ ဒုတိယဆုရရှိသည့် စာရေးသူ အောင်ဘ(အုတ်ဖို)၏ **'လူဆိုးပြေးတော့ လူကောင်းရောက်ပြီ'** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

စာရေးသူသည် နိုင်ငံ့ဝန်ထမ်းတာဝန်များကို လယ်ဝေး၊ တနိုင်း၊ အောင်လံ အစရှိသည့် မြို့ကြီးများတွင် တာဝန်ထမ်းရွက်ခဲ့ပြီး စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ကဏ္ဍစုံတွင် အားသွန်ခွန်စိုက်ထမ်းရွက်ခဲ့သောကြောင့် နိုင်ငံတော်က ထိုက်တန်သည့် စီမံထူးချွန်ဆုချီးမြှင့်ခံခဲ့ရပုံကို နှစ်သက်ဖွယ်ဖြစ်အောင် ဟာသနှော၍ ရေးသားထားသည်။

အထူးသဖြင့် "လူဆိုးပြေးတော့ လူကောင်းရောက်ပြီ" ဇာတ်လမ်းတွင် ဇာတ်ကောင် အောင်ဘသည် ဒေသတစ်ခု၌ နယ်ပိုင်ကြီးတစ်ဦးအဖြစ် စတင်တာဝန်ထမ်းဆောင်စဉ် ဒေသခံတိုင်းရင်းသားများက "လူဆိုးပြေးတော့ လူကောင်းရောက်ပြီ တို့တစ်တွေပျော်ကြသည်" ဟု သီဆိုကခုန်၍ ပျော်ရွှင်မြူးထူးစွာ ကြိုဆိုကြသည့် မြင်ကွင်းကြောင့် အောင်ဘတစ်ယောက် ပီတိဖြစ်၍ ထိုဒေသ၏ တိုင်းရင်းသားခေါင်းဆောင်ကို မေးကြည့်သည့်အခါမှ "ဟုတ်တယ် နယ်ပိုင်ကြီး၊ ဒီသီချင်းက နားထောင်လို့ သိပ်ကောင်းတာ၊ ဒါပေမဲ့ နယ်ပိုင်ကြီးလည်း အချိန်ကျလို့ပြောင်းရင် နောက်နယ်ပိုင် အသစ်ရောက်လာရင်လည်း ဒီသီချင်းပဲဆိုကြရဦးမှာ" ဟု ဖြေဆိုပုံကြောင့် အောင်ဘအဖို့ ငိုအားထက် ရယ်အားသန်ဖြစ်ရပုံမှာ လွန်စွာအသက်ဝင်လှပေသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး (၃၀၀၀) ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးမြို့တွင် ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပ

ပဲခူး ဩဂုတ် ၂၉

**ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် ကရင်ရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ တက်ရောက်ချီးမြှင့်ကြသည်။**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး Jeng phang နော်တောင်နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က ကရင် ဖားစည်အား(၉) ချက်တီး၍ အခမ်းအနား ကို ဖွင့်လှစ်ပေးသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က အဖွင့် အမှာစကား ပြောကြားပြီး တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး Jeng phang နော်တောင်နှင့် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က နှုတ်ခွန်းဆက်စကား ပြောကြားကာ ကရင်ရိုးရာချည်ဖြူဖွဲ့ခြင်း ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ကရင် တိုင်းရင်းသားဘာသာစာပေသင်ဆရာမ တစ်ဦးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် သရက်ကုန်း၊ ညောင်အင်း၊ ပျဉ်းမငူကျေးရွာများမှ ကရင်တိုင်းရင်း သား/တိုင်းရင်းသူများက ဖဲကြိုးကျစ် အကနှင့် ကရင်ရိုးရာအကများဖြင့် ကပြ ဖျော်ဖြေတင်ဆက်ကြပြီး ပဲခူးတိုင်းဒေသ ကြီးအစိုးရအဖွဲ့၊ တိုင်းရင်းသားရေးရာ ဝန်ကြီးက ဦးဆောင်၍ ကရင်လူငယ် မောင်မယ်များက ကရင်အမျိုးသားအလံ နှင့် လက်ချည်ဖွဲ့မည့် ပစ္စည်းများကို သတ်မှတ်နေရာများသို့ သယ်ဆောင်ခြင်း၊ ဘိုးဘွားများနေရာယူခြင်းတို့ ဆောင်ရွက် ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng phang နော်တောင်နှင့် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းတို့က ကရင်ဖားစည်အား(၉)ချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။

**ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စု ဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီး များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများအား ချည်ဖြူဖွဲ့ပေးကြ ပြီး ကရင်အဘိုးအဘွားများအတွက် ထောက်ပံ့ငွေအား နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီအဖွဲ့ဝင်က လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီအတွက် ထောက်ပံ့ ငွေအား ပြည်ထောင်စုဝန်ကြီးကလည်း ကောင်း၊ ကရင်ရိုးရာဒုံးယိမ်းအဖွဲ့များ အတွက် ဂုဏ်ပြုချီးမြှင့်ငွေအား ပဲခူးတိုင်း ဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

**နေ့လယ်စာဖြင့်တည်ခင်း**

ထို့နောက် ညောင်လေးပင်ခရိုင် ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် ဦးစောလင်းအောင်က ကျေးဇူးတင်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံ ရိုက်ကာ အခမ်းအနားတက်ရောက်လာ ကြသူများအား နေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံကျွေးမွေးကြကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကရင်တိုင်းရင်းသား/တိုင်းရင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# အာရှ-ပစိဖိတ် အိမ်ခြံမြေကွန်ဗင်းရှင်း နှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) တက်ရောက်ဆွေးနွေးမည်

**ရန်ကုန် ဩဂုတ် ၂၉**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပမည့် အာရှ-ပစိဖိတ် အိမ်ခြံမြေကွန်ဗင်းရှင်းနှင့် ကမ္ဘာ့အိမ်ခြံမြေ အဖွဲ့ချုပ်(FIABCI–Thai)နှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း (MRESA) က တက်ရောက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်အထိ နှစ်ရက်တာ ဘန်ကောက်မြို့ The Berkeley ဟိုတယ်၌ ကျင်းပ မည်ဖြစ်ပြီး ဆွေးနွေးပွဲသို့ ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ချုပ်၏ ဖိတ်ကြား ချက်အရ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA) ဗဟိုဥက္ကဋ္ဌ ဦးခင်မောင်သန်းက ဦးဆောင်၍ အသင်းသား၊ တိုင်းဒေသကြီးနှင့်ပြည်နယ်မှ ဥက္ကဋ္ဌများအပါအဝင် အသင်းသား ၅၀ ကျော် ဒုတိယအကြိမ် ပါဝင်တက်ရောက်မည်ဖြစ်သည်။

FIABCI–Thai မှ တရားဝင်ဖိတ်ကြားခြင်းခံရသော မြန်မာ နိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း အပါအဝင် နိုင်ငံတကာ အဆင့်မီအသင်းကြီး ၄၀ ကျော် တက်ရောက်မည်ဖြစ်ပြီး ကမ္ဘာ့ အဆင့်မီ အိမ်ခြံမြေအကြောင်း ဟောပြောသူပေါင်း ၄၀ ကျော်၊ နိုင်ငံတကာမှ အိမ်ခြံမြေခေါင်းဆောင် ၆၀၀၊ Developer ပေါင်း ၈၀၀ ကျော် တက်ရောက်ကြမည်ဖြစ်သည်။

“FIABCI လို့ခေါ်တဲ့ ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ချုပ်ဟာ ၁၉၅၁ ခုနှစ်မှာ ပြင်သစ်နိုင်ငံ ပါရီမြို့မှာ တည်ထောင်ခဲ့ပါတယ်။ ဒီကမ္ဘာ့ အိမ်ခြံမြေအဖွဲ့ချုပ်ကနေပြီးတော့ မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌနဲ့ အသင်းသားတွေကို တရားဝင် ဖိတ်ကြားခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှု အသင်းနဲ့ အသင်းသားတွေအတွက် အများကြီးအကျိုးရှိသလို အခွင့်အလမ်းကောင်းတစ်ခုလည်း ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံ တွေမှာ ဆောင်ရွက်နေတဲ့ ဝန်ဆောင်မှုတွေအပြင် နိုင်ငံတကာ နဲ့လည်း ချိတ်ဆက်ပြီး ဝန်ဆောင်မှုပေးနေတာကို လေ့လာသိရှိ နိုင်မှာဖြစ်ပါတယ်။ တက်ရောက်လာကြမယ့် ကမ္ဘာ့အိမ်ခြံမြေ အဖွဲ့ချုပ်မှာ ပါဝင်နိုင်ငံတွေရဲ့ Developer တွေ၊ ဗိသုကာတွေ၊ ရင်းနှီးမြှုပ်နှံသူတွေ၊ Real Estate Manager တွေ၊ ရှေ့နေတွေ၊ Constructer တွေ အစရှိတဲ့ Real Estate Industry ထဲမှာရှိကြတဲ့ ပရော်ဖက်ရှင်နယ်ကဏ္ဍအသီးသီးမှ တက်ရောက်လာကြမှာ ဖြစ်သလို သက်ဆိုင်တဲ့ အသိပညာရရှိစေဖို့ ၎င်းကိုယ်စားလှယ် တွေက အခန်းကဏ္ဍအသီးသီးကို ဟောပြောဆွေးနွေးတင်ပြမယ့် အခွင့်အလမ်းတွေလည်း ရရှိမှာဖြစ်ပါတယ်” ဟု မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြောသည်။

ယင်းနှီးနှောဖလှယ်ပွဲသို့ နိုင်ငံတကာမှ ထိပ်တန်းရင်းနှီး မြှုပ်နှံသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အကျိုးဆောင် များ၊ အိမ်ခြံမြေဆိုင်ရာ မန်နေဂျာများ တက်ရောက်ကြမည်ဖြစ်ပြီး ထိပ်တန်းကမ္ဘာ့အိမ်ခြံမြေ ရောင်းဝယ်ရေးသမားများနှင့်လည်း နှီးနှောဖလှယ်ခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန် စာမူဆု၊ ကဗျာပေါင်းချုပ် တတိယဆုရရှိသည့် စာရေးသူ မြတ်ဘုန်း (တပ်ကုန်း)၏ **‘နှလုံးလှ အမေရဲ့ ဓာတ်စင်နှင့် အခြားကဗျာများ’** စာအုပ်ကို ဖြန့်ချိ ရောင်းချလျက်ရှိသည်။

၎င်းကဗျာစာအုပ်တွင် အမေ့မေတ္တာ၊ အမေ့ကျေးဇူး၊ အမေ့ဂုဏ်ရည်ကို ဖော်ကျူးဖွဲ့ဆိုသည့် ကဗျာများကို အားပါးတရ ဖတ်ရမည်ဖြစ်သည်။ မြန်မာ ကဗျာရေးဖွဲ့နည်းစနစ်များအတိုင်း မှန်ကန်စွာ ရေးဖွဲ့ထားသည့် ကဗျာများဖြစ် သည်။ လူတိုင်းလူတိုင်းတွင် ရှိအပ်သည့် ကိုယ်ကျင့်တရားမှသည် နိဗ္ဗာန်ရောက် သည်အထိ သိဖွယ်ကျင့်ဖွယ် ဆိုညွှန်းသော ကဗျာများလည်း ပါဝင်သည်။ လူ့ပတ်ဝန်းကျင်တွင် ဖြစ်ပျက်လေ့ရှိသည့် အခြင်းအရာများ၊ အကွေ့အကောက်၊ အနိမ့်အမြင့်များကိုလည်း သတိထားဆင်ခြင်ဖွယ်၊ လိုက်နာကျင့်ကြံဖွယ် မီးမောင်းထိုး ဖွဲ့ဆိုထားသည်။ အကြောင်းအရာများ သင့်တင့်ပြည့်စုံပြီး တင်ပြပုံ လည်း ကောင်းမွန်သည့် ကဗျာစာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး (၃၀၀၀) ကျပ်ဖြင့် အမှတ် ၅၂၉ – ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁–၈၂၄၉၀၃၁၊ ၀၁–၈၃၈၁၄၄၈)၊ အမှတ် (တ– ၅၅)၊ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇–၃၄၁၄၆၈၁၊ ၀၉–၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂–၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကား မှာယူလိုပါက အမှတ် ၅၂၉–၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁–၈၂၄၉၀၃၁၊ ၀၁– ၈၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# e-Government ဆိုင်ရာ Firewall Administration User Training (Cyber Security) သင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၉**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် GNE Co., Ltd တို့ ပူးပေါင်းဖွင့်လှစ်သည့် “e–Government ဆိုင်ရာ Firewall Administration User Training (Cyber Security) သင်တန်း” ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အရာထမ်း၊ အမှုထမ်းများ၊ GNE Co., Ltd မှ Branch Office Manager၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ဒစ်ဂျစ်တယ်ခေတ်တွင် ဆက်သွယ်ရေးစနစ်များနှင့် ICT နည်းပညာများ မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် အကျိုးကျေးဇူးများရှိသကဲ့သို့ တစ်ချိန်တည်းတွင် ဆိုက်ဘာတိုက်ခိုက်မှု၊ ဆိုက်ဘာ ရာဇဝတ်မှုများ စသည့် စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်လာရပါကြောင်း၊ ယခု ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဝန်ကြီးဌာန ဆိုက်ဘာလုံခြုံရေးအတွက် GNE Co., Ltd နှင့် ပူးပေါင်း၍ Firewall – FortiGate 101F (Hardware) ကို တပ်ဆင်ထားရှိပြီးဖြစ်၍ Firewall တပ်ဆင်အသုံးပြု ဆောင်ရွက်ထားရှိမှုများနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အစီအမံများနှင့်ပတ်သက်၍ သိရှိနားလည်စေရန် ဤသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ သင်တန်းသူ သင်တန်းသားများအနေဖြင့် သင်တန်းမှပို့ချမည့် သင်ခန်းစာများအပေါ် သေချာစွာ လေ့လာသင်ယူကာ e–Government ပံ့ရိပ်ကို တိုးမြှင့်ဆောင်ရွက်သွားကြရန်နှင့် မိမိတို့ မျှော်မှန်းသည့် Digital အခွင့်အလမ်းများကို အမိအရဆုပ်ကိုင်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်နည်းပညာများ၏ ခြိမ်းခြောက်မှုနှင့် အန္တရာယ်များ လျော့ပါးလာစေရေးတို့ကို အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ICT ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သည့်ဝန်ထမ်းများ ပိုမိုထွက်ပေါ်လာပါက ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် ပိုမိုအထောက်အကူပြုနိုင်မည်ဖြစ်သဖြင့် အထူးကြိုးစား သင်ယူသွားကြရန် အလေးအနက်ထား မှာကြားလိုပါကြောင်း ပြောကြားသည်။(**အပေါ်ပုံ**)

ဆက်လက်၍ GNE Co., Ltd မှ Branch Office Manager က သင်တန်းနည်းပြဆရာများနှင့် မိတ်ဆက်ပေးပြီး Powerpoint ဖြင့် ရှင်းလင်းတင်ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းနည်းပြဆရာများ၊ သင်တန်းသား၊ သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ အဆိုပါ သင်တန်းကာလမှာ (၃) ရက်ခန့် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၄ ဦး တက်ရောက်ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်နှင့်အတူ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့လည်းကောင်း၊ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးသို့လည်းကောင်း ရုံးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဘတ်ဂျက်ရန်ပုံငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ မှန်ကန်စွာ သုံးစွဲရေး၊ အလေအလွင့်၊ ဆုံးရှုံးမှုနှင့် မသမာမှုများ မရှိစေရေးနှင့် နိုင်ငံတော်၏ ခြိုးခြံချွေတာရေးမူများကိုလည်း အထူးအလေး ဂရုပြုလိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် ဝန်ထမ်းများသည် တိုင်းရင်းသားလူမျိုးများရေးရာလုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်မှပြဋ္ဌာန်းထားရှိသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ မှန်ကန်စွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးတို့က တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် တိုင်းရင်းသားဒေသများတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက် နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ ညွှန်ကြားရေးမှူးချုပ် ဦးမင်းအေးကိုက ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ၏ တင်ပြချက်များနှင့် ဌာနဆိုင်ရာလုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံခြားဝင်ငွေရရှိနေသည့် မြန်မာ့ငါးရှဉ့် မျိုးဆက်ပြတ်လပ်မှုမရှိစေရန် မွေးမြူနိုင်မည့်နည်းလမ်းများအား သုတေသနပြု



**ရန်ကုန် ဩဂုတ် ၂၉**

သဘာဝရေပြင်များမှထွက်ရှိသည့် ငါးရှဉ့်များ မျိုးဆက်ပြတ်လပ်မှု မရှိစေရန် ကန်စနစ်မွေးမြူမှုထက် သဘာဝတွင် မွေးမြူပါက ပိုမိုရှင်သန်ပွားများနိုင်မည့် သုတေသနစမ်းသပ်မှုကို တွေ့ရှိထားပြီး အောင်မြင်သော မွေးမြူမှုရလဒ်ကောင်းများ ရရှိနိုင်ရန် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ သုတေသနလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

မိုးရာသီတွင် ငါးရှဉ့်များ သားပေါက်၍ အများဆုံးထုတ်လုပ် တင်ပို့လေ့ရှိပြီး သဘာဝမှ ဖမ်းဆီးရမိသောငါးရှဉ့်များကို အရွယ်အစားခွဲခြားမှုမရှိဘဲ ရောင်းချမှုကြောင့် ငါးရှဉ့်မျိုးဆက်ပြတ်လပ်မှုကို ကြိုတင်ကာကွယ်နိုင်ရန် ဖမ်းဆီးရောင်းချသူများအား ဒိုင်များက အသိပညာပေးခြင်း၊ သဘာဝအတိုင်း ဖမ်းဆီးရာတွင် ငါးရှဉ့်သားပေါက်များကို ပြန်လည်လွှတ်ပေးခြင်း၊ ကန်လှောင်မွေးမြူမှုထက် သဘာဝတွင် မွေးမြူသောစနစ်ကို တွင်ကျယ်စွာလုပ်ဆောင်ခြင်း၊ ထိုသို့လုပ်ဆောင်နိုင်ရန် နည်းပညာဖြန့်ဝေပေးခြင်းတို့ကို ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

“မြန်မာ့ငါးရှဉ့် မျိုးဆက်ပြတ်လပ်မှု မရှိအောင် ငါးရှဉ့်မွေးမြူမှုကို စမ်းသပ်လုပ်ဆောင်ပေးမယ့် နည်းစနစ်ပိုင်းဆိုင်ရာ လိုအပ်ချက်တွေရှိနေပါတယ်။ နောက်တစ်ခုက သဘာဝမှာ မွေးမြူတာက ရှင်သန်နှုန်းပေါက်ပွားနှုန်းကောင်းမွန်တာကို သုတေသနပြုရထားတာ ရှိပါတယ်။ နှစ်စဉ် သဘာဝမူရင်းဒေသမှာ ရှိနေတဲ့ ငါးရှဉ့်ပေါက်တွေ သန်းနဲ့ချီပြီး ဆုံးရှုံးနေရာမှာ သိန်းဂဏန်းပဲ သဘာဝမှာ မွေးမြူသွားကြမယ်ဆိုရင် ဝယ်လိုအားရှိနေတဲ့ မြန်မာ့ငါးရှဉ့်ရဲ့ အနာဂတ်ဟာ ငါးရှဉ့်တောင်သူတွေရဲ့ လူမှုစီးပွားကို အထောက်အပံ့ကောင်းရရှိစေမှာပါ”ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအနေဖြင့် အနာဂတ်တွင် ငါး၊ ပုစွန်နှင့် ရေထွက်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး လယ် ငါးရှဉ့်သားဖောက်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာရေးအတွက် ပညာရှင်များနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရန် တောင်သူနည်းပညာ ဆွေးနွေးပွဲများကို ကျင်းပပေးလျက်ရှိသည်။

ထို့ပြင် လယ်ငါးရှဉ့်များကို မျိုးစိတ်ခွဲခြားခြင်း၊ မျိုးငါးရှဉ့်ရွေးချယ်ခြင်း၊ ဆေးထိုးသားဖောက်ပြုလုပ်ခြင်း၊ မွေးမြူနိုင်ရန် ပြင်ဆင်ဆောင်ရွက်ခြင်း၊ ငါးရှဉ့်သားပေါက်စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်း၊ မတူညီသော ဟော်မုန်းဆေးများဖြင့် ဆေးထိုးသားဖောက်၍ ဥချသားပေါက်မှုအပေါ် အကျိုးသက်ရောက်မှုကို လေ့လာခြင်း၊ လယ်ငါးရှဉ့် မျိုးစိတ်များ မျိုးပွားမှုဆိုင်ရာ ဇီဝဗေဒကို အခြေခံ၍ သားပေါက်ရာသီ၊ မြေဆီလွှာနှင့် မျိုးပွားမှုတို့ကို ပညာရှင်များ၊ သုတေသီများနှင့် ဆွေးနွေးအကြံပြုခြင်းနှင့်အတူ နိုင်ငံတော်က ချမှတ်ထားသည့် မွေးမြူရေး ရေလုပ်ငန်းသုတေသနဆိုင်ရာ မူဝါဒများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ငါးရှဉ့်ပါးမွဲကို ကမ္ဘာ့နိုင်ငံ ၁၈ နိုင်ငံသို့ နှစ်စဉ်တင်ပို့မှုမှ နိုင်ငံခြားဝင်ငွေရရှိလျက်ရှိပြီး ယမန်နှစ်က မြန်မာနိုင်ငံမှ ပြည်ပသို့ မြန်မာ့ငါးရှဉ့် တန်ချိန် ၁၃၀၀၀ ခန့် တင်ပို့နိုင်ခဲ့၍ ပြည်ပဝယ်လိုအားနှင့်အညီ တင်ပို့နိုင်ရန် အသင့်ရှိနေသည့်အတွက် ရေသယံဇာတကြွယ်ဝသော မြန်မာနိုင်ငံအနေဖြင့် ရေထွက်ကုန်များ အနာဂတ်ကာလတွင် တိုးမြှင့်ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရေရှည်တွင် မြန်မာ့ငါးရှဉ့်မျိုးဆက်ပြတ်လပ်မှုမရှိစေရန် နိုင်ငံတော်နှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ လက်တွဲ၍ ဆောင်ရွက်လျက်ရှိပြီး ကန်လှောင်မွေးမြူမှုထက် သဘာဝမူရင်းဒေသတို့တွင် မွေးမြူပါက ပိုမိုရှင်သန်ထုတ်လုပ်နိုင်မှုကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သုတေသနပြုတွေ့ရှိထားကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**

# ဆင်ပေါင်ဝဲမြို့၌ ဆေးရုံမိသားစုနေ့ အခမ်းအနားကျင်းပ



**ဆင်ပေါင်ဝဲ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့၌ ဆေးရုံများတွင် ပြည်သူများအသုံးပြုမှု ပိုမိုအားကောင်းလာပြီး ဆေးရုံများမှ ဆောင်ရွက်ပေးသော ကျန်းမာရေးဝန်ဆောင်မှု လုပ်ငန်းများအား အများပြည်သူကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် ဆေးရုံမိသားစုနေ့ (Hospital Family Day) အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုးသိမ်းက အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီက ဆေးရုံမှ ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဆေးဝါးကုသပေးမှုအခြေအနေများ ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးမျိုးဇော်ဟိန်းက ကျေးဇူးတင်စကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများက ဆေးရုံကုသဆောင်များတွင် ဆေးရုံတက်ရောက်နေသော လူနာများအား ဆေးပစ္စည်းများနှင့် အာဟာရဒါနစားသောက်ဖွယ်ရာများ ထောက်ပံ့ပေးပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်**

**၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်**

**ပြည်သူသို့ အသိပေးကြေညာခြင်း**

**လျှပ်စစ်ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်ခြင်း**

၁။ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် လျှပ်စစ်ဓာတ်အားရရှိရေးသည် အဓိကကျသောကြောင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများနှင့် ဓာတ်အားလိုင်းကြီးများ အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများကို ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများသို့ တည်ငြိမ်သော လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက် ထုတ်လုပ်မှုစရိတ်မြင့်မားလာပါသဖြင့် ဓာတ်အားခနှုန်းထားများအား ပြင်ဆင်သတ်မှတ်ရန် လိုအပ်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ်၊ လျှပ်စစ်ဥပဒေပုဒ်မ ၄၁ နှင့်အညီ လျှပ်စစ်ဓာတ်အားခနှုန်းထား ပြင်ဆင်သတ်မှတ်ရန်ကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၄)၏ သဘောတူညီချက်အရ လျှပ်စစ်ဓာတ်အားခနှုန်းထားများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ပါသည်-

| စဉ် | ဓာတ်အားသုံးစွဲသူအမျိုးအစား | ဓာတ်အားခနှုန်းထား | |
|---|---|---|---|
| | | ယူနစ်အလွှာ | ကျပ် |
| (က) | **အိမ်သုံးအမျိုးအစား**<br>[နေအိမ်သုံး၊ အိမ်သုံးပါဝါ၊ တစ်လုံးတစ်ခဲတည်း (အိမ်သုံး)၊ စီးပွားရေးလုပ်ငန်း မပါသော ဘာသာ/ သာသနာအဆောက်အအုံ] | ၁ မှ ၅၀ ယူနစ်ထိ | ၅၀ |
| | | ၅၁ မှ ၁၀၀ ယူနစ်ထိ | ၁၀၀ |
| | | ၁၀၁ မှ ၂၀၀ ယူနစ်ထိ | ၁၅၀ |
| | | ၂၀၁ ယူနစ်နှင့် အထက် | ၃၀၀ |
| ( ခ ) | **အိမ်သုံးမဟုတ်သည့်အမျိုးအစား**<br>[စက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ တစ်လုံးတစ်ခဲတည်း၊ ယာယီသုံး၊ လမ်းမီး၊ အစိုးရရုံးဌာနအဖွဲ့အစည်းများ၊ နိုင်ငံပိုင်စက်မှုလုပ်ငန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၊ မြစ်ရေတင်လုပ်ငန်း၊ စည်ပင်သာယာရုံးဌာန/ လုပ်ငန်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံခြားသံရုံးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ] | ၁ မှ ၅,၀၀၀ ယူနစ်ထိ | ၂၅၀ |
| | | ၅,၀၀၁ မှ ၂၀,၀၀၀ ယူနစ်ထိ | ၄၀၀ |
| | | ၂၀,၀၀၁ ယူနစ်နှင့် အထက် | ၅၀၀ |

၃။ ယခုပြင်ဆင်သတ်မှတ်လိုက်သော ဓာတ်အားခနှုန်းထားများသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၉**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားအား ဗလငါးတန် ဖွံ့ဖြိုးရေး ကျောင်းကျန်းမာရေးအလေးပေး ဆောင်ပုဒ်ဖြင့် ဒဂုံမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက ကျင်းပသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်က ကျောင်းကျန်းမာရေးသီတင်းပတ်၏ ဆောင်ပုဒ်ဖြစ်သော "ဗလငါးတန် ဖွံ့ဖြိုးရေး ကျောင်းကျန်းမာရေးအလေးပေး" ဆိုသည့်အတိုင်း နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအဓိက လူ့စွမ်းအား အရင်းအမြစ်ဖြစ်သော ကျောင်းသားလူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး အခြားဆက်စပ်ဌာနများ၏ ပံ့ပိုးကူညီမှုနှင့်အတူ ရှေ့ဆက်ဆောင်ရွက်သွားကြရန်ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်က တိုင်းဒေသကြီးအတွင်း ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နန္ဒဝင်းက ကျန်းမာရေး အဆင့်မြှင့်ကျောင်းလုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်စာစီစာကုံး၊ ပန်းချီကဗျာနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် သီဆိုဖျော်ဖြေတင်ဆက်ကြပြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကျောင်းကျန်းမာရေး ပညာပေးပြခန်းများနှင့် ဆုရရှိသူများ၏ ပြသထားရှိသည့် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့သည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**



## ဘားအံမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းနှင့် သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များ ရှင်းလင်းဆွေးနွေး

**ဘားအံ ဩဂုတ် ၂၉**

ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ထုံးလုပ်နည်းနှင့် သိရှိလိုက်နာဆောင်ရွက်ရမည့် အချက်များ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီက ဘားအံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံး၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဆန်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ဆွေးနွေးပွဲတွင် စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းရှင် ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုးစိုးအေး(ပြန်/ဆက်)**

## ဝဂ်ဘော်ဆင်စခန်းတွင် ပထမဆုံးအကြိမ် ဆင်အမြွှာမွေးဖွားပြီး ကျန်းမာရေးကောင်းမွန်

**ရန်ကုန် ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဘုရားကြီးမြို့အနီး ဝဂ်ဘော်ဆင်စခန်းတွင် ပထမဆုံးအကြိမ်အဖြစ် အသက် ၂၁ နှစ်အရွယ် ဆင်မ ပုလဲစန္ဒာက ဩဂုတ်၂၆ရက်တွင် ဆင်အမြွှာ ၂ ကောင် မွေးဖွားရာ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

နံနက် ၃ နာရီ ၃၈ မိနစ်တွင် ဆင်မ ပုလဲဆင့်နှင့် နံနက် ၃ နာရီ ၄၂ မိနစ်တွင် ဆင်ထီး ကျော်ပုလဲတို့ကို မွေးဖွားခဲ့ခြင်း ဖြစ်သည်။

"မွေးပြီးပြီးချင်းက ပုံမှန်ထက်တော့အရပ်က နိမ့်တယ်။ အရပ်က နိမ့်တော့ နို့ကောင်းကောင်းတော့ စို့လို့မရဘူး။ အဲဒီတော့ ကျွန်တော်တို့က သစ်သားခုံလေးနဲ့နို့တိုက်ရတာပေါ့။ မိခင်ဆင်မကြီးကနေ နို့ညှစ်ရတယ်၊ နောက်နို့မုန့်လေး ဖျော်ပြီးတော့ နို့ဘူးနဲ့တိုက်ရတယ်။ ဒါပေမယ့် အခုကျတော့ ဆင်က နို့စို့တတ်လာပြီ။ ကျန်းမာရေးကလည်းကောင်းပါတယ်" ဟု ဝဂ်ဘော်ဆင်စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဆင်အမြွှာ မွေးဖွားမှုဖြစ်စဉ်မှာ ဖြစ်ခေါ်င့်ဖြစ်ခဲ ဖြစ်စဉ်ဖြစ်ကြောင်းလည်း သိရသည်။

"အမြွှာကတော့ ဖြစ်ခေါ်င့်ဖြစ်ခဲပေါ့။ ဆင်ကတော့ တစ်ကောင်တည်း မွေးတာပဲ။ ဒါပေမယ့် မြန်မာနိုင်ငံမှာ ကျွန်တော်တို့ မှတ်တမ်းတင်ထားသလောက်တော့ ဆင်အမြွှာတွေကတော့ မွေးဖူးတယ်။ နိုင်ငံတစ်ဝန်းလုံးမှာပေါ့။ အခုက (၁၁) ကြိမ်မြောက် အမြွှာမွေးတာပါ။ မြန်မာနိုင်ငံမှာက ဒီဆင်စခန်း အနေနဲ့ကတော့ ဒါပထမဦးဆုံး အကြိမ်ပါ" ဟု အဆိုပါဆင်စခန်းမှ တာဝန်ရှိသူက ပြောသည်။

ဆင်များတွင် အမြွှာပူးမွေးဖွားခြင်းမှာ အလွန်ရှားပါးပြီး တွေ့ရခဲ့ကာ အမြွှာပူးမွေးပါကလည်း အသက်မရှင်ခြင်း၊ မိခင်ဆင်မသေဆုံးခြင်းများ ဖြစ်တတ်ကြောင်းလည်း သိရသည်။ **Thit Taw**



မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ပြေးခုန်ပစ်အားကစားအဖွဲ့ ဂုဏ်ပြုပွဲအခမ်းအနားတက်ရောက်

**ထားဝယ် ဩဂုတ် ၂၉**

၂၀၂၄ ခုနှစ် ဗဟိုအဆင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဆုတံဆိပ်များ ဆွတ်ခူးရရှိသည့် ပြေးခုန်ပစ်အားကစားအဖွဲ့အား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကိုက တိုင်းဒေသကြီးအနေဖြင့် ပြေးခုန်ပစ်အားကစားနည်းတွင်မြန်မာ့လက်ရွေးစင်အားကစားသမားများ မွေးထုတ်ပေးနိုင်သော အစဉ်အလာရှိသည့် တိုင်းတစ်ခုဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ကျင်းပသော ပြည်နယ်နှင့် တိုင်းဒေသကြီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေလေးခု၊ ငွေခြောက်ခု၊ ကြေးသုံးခု ဆွတ်ခူးနိုင်ခဲ့ပြီး ယခုနှစ်တွင် ရွှေငါးခု၊ ငွေခြောက်ခု၊ ကြေးငါးခုနှင့် အမျိုးသား အသင်းလိုက် ဒုတိယဆု၊ အမျိုးသမီး အသင်းလိုက် စတုတ္ထဆုတို့ကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆုတံဆိပ်များ အကြိမ်ကြိမ် ဆွတ်ခူးနိုင်ခဲ့သော တိုင်းဒေသကြီး အသက် ၁၈ နှစ် ပြေးခုန်ပစ်အသင်းအား ချီးကျူးဂုဏ်ပြုပါကြောင်း၊ ဒ့်အပြင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်၌ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဆုတံဆိပ်များ ပိုမိုဆွတ်ခူးရရှိနိုင်ရန်အတွက် ယခုအချိန်ကတည်းကစပြီး ပြင်ဆင်လေ့ကျင့်ထားကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီး ပြေးခုန်ပစ်အဖွဲ့အနေဖြင့် ရရှိပြီးသော အောင်မြင်မှုများကို အနာဂတ်သို့တိုင်အောင် ထိန်းသိမ်းသယ်ဆောင်သွားနိုင်ရန်အတွက် မလျှော့သော ဇွဲ၊ လုံ့လဝီရိယ၊ အားမာန်၊ စိတ်ဓာတ်များဖြင့် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန်၊ တရားသဖြင့် ယှဉ်ပြိုင်နိုင်အောင်ကြိုးပမ်း၊ ယှဉ်ပြိုင်လျှင် နိုင်ရမည်ဆိုသည့် ဆောင်ပုဒ်များကို လက်ကိုင်ထားပြီး တိုင်းဂုဏ်ဆောင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်အောင် ကြိုးစားသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးစိုးမိုးနိုင်က အောင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ခဲ့သည့် အခြေအနေအား ရှင်းလင်းတင်ပြသည်။




ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသား မီတာ ၂၀၀ ပြိုင်ပွဲနှင့် အလျားခုန်ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့သော ပုလောမြို့နယ်မှ မောင်အောင်မင်းမြတ်အား ဂုဏ်ပြုဆုငွေကျပ် ၁၂ သိန်း(ယာပုံ)နှင့် အမျိုးသမီး မီတာ(၁၀၀x၄) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့သော တိုင်းဒေသကြီး အမျိုးသမီးအသင်းအား ဂုဏ်ပြုဆုငွေကျပ် ၁၂ သိန်းပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က အမျိုးသမီးမီတာ ၄၀၀ တန်းကျော် ပြိုင်ပွဲတွင် ရွှေတံဆိပ်နှင့်ပထမမီတာ ၁၀၀ တန်းကျော်ပြိုင်ပွဲတွင် ဒုတိယ ငွေတံဆိပ် ဆွတ်ခူးရရှိခဲ့သော ကော့သောင်းမြို့နယ်မှ မညီညီဌေးအား ဂုဏ်ပြုဆုငွေကျပ် ကိုးသိန်းနှင့် အမျိုးသမီး အမြင့်ခုန်ပြိုင်ပွဲတွင် ပထမ ရွှေတံဆိပ်ဆွတ်ခူးရရှိခဲ့သော ကျွန်းစုမြို့နယ်မှ မကြယ်စင်နှင်းအား ဂုဏ်ပြုဆုငွေကျပ် ခြောက်သိန်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ငွေတံဆိပ်ဆုရရှိသူများအား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် သုံးသိန်း၊ကြေးတံဆိပ်ဆုရရှိသူများအား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် တစ်သိန်းခွဲနှင့် အုပ်ချုပ်/နည်းပြငါးဦးအား တစ်ဦးလျှင် ဂုဏ်ပြုဆုငွေကျပ် တစ်သိန်း ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး ပြေးခုန်ပစ် ဆပ်ကော်မတီက တိုင်းဒေသကြီး ပြေးခုန်ပစ်အားကစားအဖွဲ့အား ဆုငွေကျပ် ငါးသိန်း ပေးအပ်ချီးမြှင့်ကာ ပြေးခုန်ပစ်အသင်းအုပ်ချုပ်သူ ဒေါ်စုစုဝေက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**ရန်ကုန် ဩဂုတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်၊ သန်လျင်၊ ကျောက်တံတားခရိုင်တို့၏ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၈ ရက်က သာကေတမြို့နယ် တိုင်းရင်းသားကျေးရွာ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗိုလ်တထောင်၊ သန်လျင်၊ ကျောက်တံတားခရိုင်) ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ဗိုလ်တထောင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗိုလ်တထောင်၊ သန်လျင်၊ ကျောက်တံတားခရိုင်) ခရိုင်အဆင့်ပြိုင်ပွဲတွင် ဆုရရှိကြသူများအား တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးကျော်ကျော်စိုး၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗိုလ်တထောင်၊ သန်လျင်၊ ကျောက်တံတားခရိုင်) ခရိုင်အဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၁၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် ရွှေတံဆိပ်အများဆုံးရရှိခဲ့သော ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ်က တံခွန်စိုက်ဒိုင်းဆုကြီးကို ဆွတ်ခူးရရှိသွားကြောင်း သိရသည်။

**အောင်သန်းဦး**

# ဟိုပုံးမြို့နယ်သမဝါယမအသင်းစု အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**တောင်ကြီး ဩဂုတ် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမဌာနရုံးခန်းမ၌ ကျင်းပရာ သဘာပတိအသင်းစု ဥက္ကဋ္ဌ ဦးစိုင်းလှမြင့်က လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်သမဝါယမ ဦးစီးဌာနဦးစီးမှူး ဦးကျော်မိုးတင့်က အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး မြို့နယ်သမဝါယမအသင်းစု အမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားရှင်းလင်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခြင်းနှင့် အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။ အစည်းအဝေး ဒုတိယပိုင်းတွင် မြို့နယ်သမဝါယမအသင်းစု၏ အသင်းအမှုဆောင် ဒါရိုက်တာရွေးချယ်ပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ပြည်နယ်အဆင့်ဖွဲ့စည်းရေး ကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးတင့်က ဆောင်ရွက်ပြီး အမှုဆောင်အသစ်များကို ရွေးချယ်၍ တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ ကတိသစ္စာခံယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပေါင်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**ပေါင် ဩဂုတ် ၂၉**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက(အထက) ပေါင် ရွှေရတုခန်းမ၌ ပြုလုပ်သည်။



ဦးစွာ ပေါင်မြို့နယ် ဥပဒေအရာရှိ ဦးမျိုးထက်ကျော်က ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနှင့် ကျောင်းသားကျောင်းသူများ သိသင့်သည့် ဥပဒေဆိုင်ရာများကို ဟောပြောခဲ့သည်။ ဆက်လက်၍ ပေါင်မြို့မရဲစခန်းမှ ဒုရဲမှူး မင်းဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး သံမရောင်းတို့က ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများ၊ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် ယာဉ်မောင်းလိုင်စင်ရှိမှ ဆိုင်ကယ်နှင့် ကားများ မောင်းနှင်ကြပါရန်၊ အသက် ၁၈ နှစ်ပြည့်မှ ဆိုင်ကယ်မောင်းကြပါရန်၊ ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်ဦးထုပ်ဆောင်းပြီး မေးသိုင်းကြိုးတပ်ရန်နှင့် ဆောင်ရန်/ရှောင်ရန် အချက်များကို ရှင်းလင်းဟောပြောသည်။

ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ လူကုန်ကူးခြင်း၏ ဆိုးကျိုးများကို ဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများက မိမိတို့ သိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး ယာဉ်စည်းကမ်းလမ်းစည်းကမ်းဆိုင်ရာ လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဩဂုတ် ၂၉**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မန္တလေး (ချမ်းမြသာစည်မြို့နယ်)တွင် ၄ ဒသမ ၆၉ လက်မ၊ ပုသိမ်ကြီးမြို့နယ်တွင် ၄ ဒသမ ၆၅ လက်မ၊ မန္တလေး (အောင်မြေသာစံမြို့နယ်) တွင် ၃ ဒသမ ၉၈ လက်မ၊ မန္တလေး (ချမ်းအေးသာစံမြို့နယ်) တွင် ၃ ဒသမ ၆၆ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၆၂ လက်မ၊ မြစ်ငယ်မြို့တွင် ၃ ဒသမ ၅၄ လက်မ၊ ပြင်ဦးလွင်(ဇီးပင်ကြီး) တွင် ၂ ဒသမ ၉၅ လက်မ၊ မုံရွာမြို့တွင် ၂ ဒသမ ၇၉ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ငါန်းဇွန် မြို့တွင် ၂ ဒသမ ၅၈ လက်မနှင့် စစ်ကိုင်းမြို့တွင် ၂ ဒသမ ၅၆ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အမျိုးသားရေးဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီ(၂/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၂၉**

အမျိုးသားရေးဥပဒေ တတိယမူကြမ်းကို ဆွေးနွေးတည်းဖြတ်ရန်နှင့် ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် အမျိုးသားရေးဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ၏ (၂/၂၀၂၄) ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၂၉) အစည်းဝေးခန်းမ၌ကျင်းပရာ အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း တက်ရောက်သည်။

အစည်းအဝေးသို့ ရေနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေးကော်မတီများမှ အမျိုးသားရေ ဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီဝင်များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယနေ့ အစည်းအဝေးတွင် အမျိုးသားရေဥပဒေ တတိယမူကြမ်းအပေါ် ဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များထံမှ ပြန်ကြားလာသည့် သဘောထားမှတ်ချက်များအရ မိမိတို့နိုင်ငံတွင် လက်တွေ့ကျင့်သုံးနိုင်မည့် အခြေအနေများ၊ နိုင်ငံတော်၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန် ပုဒ်မ၊ ပုဒ်မခွဲတစ်ခုချင်းစီအလိုက် အသေးစိတ် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ အမျိုးသားရေဥပဒေ တတိယမူကြမ်းကို အချောသတ်ပြုစုပြီးပါက မိမိတို့နိုင်ငံနှင့် အကောင်းဆုံး၊ အသင့်လျော်ဆုံးဖြစ်မည့် ရေဥပဒေတစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ ရေကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လိုအပ်ချက်တစ်ခုဖြစ်သည့် အမျိုးသားရေဥပဒေတစ်ရပ်ပေါ်ပေါက်ရန် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်း ကော်မတီဝင်များအနေဖြင့် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။**(ဝဲပုံ)**



ထို့နောက် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး(၁)၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်က အမျိုးသားရေဥပဒေရေးဆွဲရေး ဆောင်ရွက်ထားရှိမှုများ၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများနှင့် ရှေ့လုပ်ငန်းစဉ် လျာထားချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာသည့် အမျိုးသားရေဥပဒေရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဝင်များနှင့် ဆက်စပ်အဖွဲ့အစည်းများမှ အစည်းအဝေးတက်ရောက်သူများက အမျိုးသားရေဥပဒေ တတိယမူကြမ်းအပေါ် ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြပြီး ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ကျောက်ပန်းတောင်း – ညောင်ဦးကားလမ်းမကြီး လမ်းဘေးဝဲယာသစ်တောစိုက်ခင်းများ ကြည့်ရှုစစ်ဆေး

**ညောင်ဦး ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျောက်ပန်းတောင်း – ညောင်ဦး ကားလမ်းမကြီး လမ်းဘေးဝဲယာတစ်လျှောက်နှင့် ပုဂံ–ချောက် ကားလမ်းမကြီး လမ်းဘေးဝဲယာတို့တွင် စိုက်ပျိုးထားသည့်စိုက်ခင်းများကို တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးရွှေဇင်နှင့် တာဝန်ရှိသူများသည် ဩဂုတ် ၂၈ ရက်က ကွင်းဆင်းစစ်ဆေးသည်။**(အပေါ်ပုံ)**

တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် အဖွဲ့သည် ညောင်ဦး – ကျောက်ပန်းတောင်းကားလမ်းဘေးရှိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန စိုက်ခင်းနှင့် လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး သစ်တောစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပုဂံ–ချောက်ကားလမ်း၊ ဟိုတယ်ဇုန် (၄)ရှိ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး သစ်တောစိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် အရှေ့ဖွားစောကျေးရွာမှ ဇယဝေရီကန်အထိ အမာခံမြေသားလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးမှုနှင့် ထီးလိုမင်းလိုဘုရား ရွှေသင်္ကန်းကပ်လှူပြီးစီးမှု အခြေအနေတို့ကိုကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ညောင်ဦးမြို့နယ် ညောင်ဦး–ကျောက်ပန်းတောင်း ကားလမ်းမကြီး လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး သစ်တောဦးစီးဌာနမှ တမာ၊ ပိတောက်၊ ကုက္ကို၊ ဖျောက်ဆိပ်၊ ရင်းမာ၊ ယူကလစ်၊ ပဲချယ်ရီ၊ မန်ကျည်း၊ ဒဟတ်၊ ညောင်၊ ရေတမာပင် ၅၈၅၀ စိုက်ပျိုးရှင်သန်နေပြီးဖြစ်ကာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ တမာ၊ သင်္ဘောကုက္ကို၊ ယူကလစ်၊ မဟော်ဂနီ၊ သစ်ပိတောက်ပျိုးပင်၊ ပုဂံ–ချောက် ကားလမ်း ဟိုတယ်ဇုန်(၄)တို့တွင် ပျိုးပင် ၅၈၅၀ တို့ စိုက်ပျိုးရှင်သန်နေပြီဖြစ်ကြောင်း သိရသည်။ **ဒီပါလင်း**

## YBS ခရီးသည် ၁ ဒသမ ၅ သန်းခန့်ကို ယာဉ်မောင်း ၄၀၀၀ က နေ့စဉ်ပို့ဆောင်ပေးလျက်ရှိ

**ရန်ကုန် ဩဂုတ် ၂၉**

YBS ခရီးသည် ၁ ဒသမ ၅ သန်းခန့်ကို ယာဉ်မောင်း ၄၀၀၀ ခန့်က နေ့စဉ်ပို့ဆောင်ပေးနေပြီး အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကြီးတစ်ခုလုံး၏ ဘေးကင်းလုံခြုံသည့် ခရီးသည်ပို့ဆောင်ရေးအတွက် YRTC ၏ အဓိကရည်မှန်းချက်ကြီး ဖြစ်ကြောင်း ယနေ့နံနက်တွင် YRTC ရုံးချုပ်သင်တန်းခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) မှ ကြီးမှူးကျင်းပသော စည်းကမ်းဖောက်ဖျက်သည့် YBS ယာဉ်မောင်းများအား အသိပညာပေး ဆွေးနွေးပွဲ အမှတ်စဉ် (၁၅/၂၀၂၄) တွင် YRTC ၏ ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုက ပြောကြားသည်။

ဘေးကင်း လုံခြုံပြီး ဝန်ဆောင်မှုကောင်းသည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် ဖြစ်ထွန်းလာရန် အဓိကမောင်းနှင်အားမှာ YBS ယာဉ်မောင်းများဖြစ်ပါကြောင်း၊ ခရီးသည်များ ဘေးအန္တရာယ်ကင်းစွာ လိုရာခရီးသို့ ရောက်အောင် ပို့ဆောင်ပေးရန် တာဝန်ရှိပါကြောင်း၊ ခရီးသည်များပေးချေသည့် ယာဉ်စီးခမှ ယာဉ်မောင်းလုပ်ခလစာများ ပေးဆောင်နေကြခြင်းဖြစ်ရာ ထမင်းရှင်ခရီးသည်များကိုဝန်ဆောင်မှုကောင်းကောင်းဖြင့် ဘေးအန္တရာယ်ကင်းစွာ ပို့ဆောင်သွားကြရမည် ဖြစ်ကြောင်း၊ YBS ယာဉ်များ အချင်းချင်း ကျော်တက်မောင်းနှင်ကြခြင်း၊ လမ်းပြောင်းပြန်မောင်းနှင်ခြင်း၊ မီးနီဖြတ်သန်းမောင်းနှင်ခြင်း၊ သတ်မှတ်ကီလိုထက် မောင်းနှင်ခြင်းတို့ကို YRTC က လုံးဝခွင့်လွှတ်မည် မဟုတ်ကြောင်း၊ ခရီးသွားလုပ်သားပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိမှု မရှိရေး အဓိကထားသေချာကြပ်မတ်ပေးရန် YRTC က စောင့်ကြပ် အရေးယူရာတွင် Traffic Control Center မှ နည်းပညာမြင့် Telematics စက်များ၊ CCTV record များဖြင့် မှတ်တမ်းရယူပြီး အရေးယူခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုရှိမရှိတို့ကိုစစ်ဆေးပြီး သက်သေခိုင်လုံစွာဖြင့်အရေးယူလျက်ရှိကြောင်း ဒုတိယဥက္ကဋ္ဌက ဆက်လက် ပြောကြားသည်။

ထို့နောက် YRTC ၏ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က တာဝန်ယူမှု တာဝန်ခံမှုရှိသည့် ယာဉ်မောင်းတစ်ယောက်ဖြစ်ရေး လုပ်ဆောင်ရန် အချက်များကိုလည်းကောင်း ၊ YRTC ၏ တရားလွှတ်တော်ရှေ့နေ ဒေါ်ယဉ်မြင့်နွယ်က ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ အမှတ် (၂) ယာဉ်ထိန်းရဲ တပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်တိုင်းဒေသကြီး) မှ တာဝန်ရှိသူကလည်း ယာဉ်တိုက်မှုဖြစ်စဉ်ဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ရာဇသတ်ကြီး ပုဒ်မများကို ရှင်းလင်းပြောကြားခဲ့ပြီး ပြစ်မှုပြစ်ဒဏ် (၁၃၈) ချက်ပါ ပြစ်ဒဏ်များကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **အာကာလင်း**

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ် (ဘင်္ဂလားဒေ့ရှ်နိုင်ငံရေး၊ စူပါဆိုင်ကလုန်း)

ကိုကိုလှိုင်

ဘင်္ဂလားဒေ့ရှ်နိုင်ငံရေးကို Two Begums' War (ဘွားတော်ကြီးနှစ်ဦး၏ စစ်ပွဲ)ဟု နိုင်ငံတကာရေးရာလေ့လာသူများက ဝိဂြိုဟ်ပြုလေ့ရှိကြသည်။ ဤအဆိုသည်လည်း မမှားပါ။ ၁၉၇၁ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ပေါ်ပေါက်လာပြီးနောက်ပိုင်း အဓိကနိုင်ငံခေါင်းဆောင် ငါးဦးသာရှိခဲ့ရာ ရှိတ်မူဂျီဘူရာမန်၊ ဗိုလ်ချုပ်ကြီး ဇီယာရာမန်၊ ဒုတိယဗိုလ်ချုပ်ကြီး ဟူစိန် မိုဟာမက် အာရှတ်၊ ဘီဂမ်ခါလီဒါဇီယာ (ဗိုလ်ချုပ်ကြီး ဇီယာရာမန်၏ ဇနီး)နှင့် ဘီဂမ်ရှိတ်ဟာဆီနာ (ရှိတ်မူဂျီ ဘူရာမန်၏ သမီး)တို့ ဖြစ်ကြသည်။ ရှိတ်မူဂျီ ဘူရာမန်မှာ ၁၉၇၅ ခုနှစ်တွင် လုပ်ကြံခံခဲ့ရပြီး ဗိုလ်ချုပ်ကြီး ဇီယာရာမန်မှာ ၁၉၈၁ ခုနှစ်တွင် လုပ်ကြံခံခဲ့ရသည်။ ယင်းနောက် ဆက်ခံသည့် ဒုတိယဗိုလ်ချုပ်ကြီး အာရှတ်မှာ ၁၉၉၀ ပြည့်နှစ်တွင် အတိုက်အခံနိုင်ငံရေးပါတီများ၏ အုံကြွဆန္ဒကျင်မှုကြောင့် ရာထူးမှ နုတ်ထွက်ပေးခဲ့ရသည်။



ယခုနှစ် ဇန်နဝါရီ ၇ ရက်က ကျင်းပခဲ့သည့် ဘင်္ဂလားဒေ့ရှ် ပါလီမန်ရွေးကောက်ပွဲတွင် ဒါကာမြို့ရှိ ဆန္ဒမဲပေးခဲ့ကြသူများကို မြင်တွေ့ရစဉ်။ ဓာတ်ပုံ- ဆင်ဟွာ

ထိုမှနောက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အဓိကနိုင်ငံရေးပါတီကြီး နှစ်ခုဖြစ်သော ခါလီဒါဇီယာ ဦးဆောင်သည့် BNP ပါတီနှင့် ရှိတ်ဟာဆီနာ ဦးဆောင်သည့် အဝါမီလိဂ်ပါတီတို့ကသာ အားပြိုင်နေခဲ့ကြကာ တစ်လှည့်စီ အာဏာရနေခဲ့ကြသည်။ ပါတီစုံဒီမိုကရေစီဟုဆိုသော်လည်း တစ်ပါတီ အာဏာရလျှင် အတိုက်အခံပါတီက လွှတ်တော် မတက်ဘဲ သပိတ်မှောက်သည်။ ရွေးကောက်ပွဲ လုပ်သည့်အခါ တစ်ဖက်နှင့်တစ်ဖက် လုံးဝ မယုံကြည်သဖြင့် သမ္မတက ကြားဖြတ်အစိုးရဖွဲ့ကာ ရွေးကောက်ပွဲလုပ်ပေးရသည်။

ခါလီဒါဇီယာ၏ ပါတီက ၁၉၉၁ မှ ၁၉၉၆ အထိ အာဏာရခဲ့ပြီး ရှိတ်ဟာဆီနာက ၁၉၉၆ မှ ၂၀၀၁ အထိ အာဏာရခဲ့သည်။ တစ်ဖန် ခါလီဒါဇီယာက ၂၀၀၁ မှ ၂၀၀၆ ခုနှစ်အထိ အာဏာရခဲ့ပြီး နိုင်ငံရေး မတည်ငြိမ်သဖြင့် ၂၀၀၆ မှ ၂၀၀၉ နှစ်စပိုင်းအထိ ကြားဖြတ်အစိုးရများက အုပ်ချုပ်ခဲ့ရသည်။ ၂၀၀၉ ခုနှစ်တွင် ရှိတ်ဟာဆီနာ၏ ပါတီရွေးကောက်ပွဲ အနိုင်ရပြီးသည့် နောက်ပိုင်းမှစ၍ ခါလီဒါဇီယာ၏ ပါတီမှာ ခေါင်းမထောင်နိုင်တော့ပေ။ ကြားဖြတ် အစိုးရက ရွေးကောက်ပွဲလုပ်ပေးရသည့် အခြေခံ ဥပဒေပြဋ္ဌာန်းချက်ကို ၂၀၁၁ ခုနှစ်တွင် အဝါမီလိဂ် ပါတီက ပယ်ဖျက်လိုက်သည့်နောက်ပိုင်း၊ ၂၀၁၄ ခုနှစ်တွင် BNP ပါတီက ရွေးကောက်ပွဲမဝင်ဘဲ သပိတ်မှောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ရွေးကောက်ပွဲတွင် BNP က ရွေးကောက်ပွဲဝင်ခဲ့သော်လည်း မရှုမလှအရေးနိမ့်ခဲ့သည်။ BNP ပါတီက ရွေးကောက်ပွဲတွင် မဲမသမာမှု အလွန်များပြားကြောင်း စွပ်စွဲခဲ့သည်။ ၂၀၂၄ ရွေးကောက်ပွဲ၌ BNP ပါတီက ရွေးကောက်ပွဲမဝင်ဘဲ သပိတ်မှောက်ခဲ့ပြန်သည်။

ဤသို့ဖြင့် ဘင်္ဂလားဒေ့ရှ်၏ နှစ်ပါတီနိုင်ငံရေး ဘတစ်ပြန်၊ ကျားတစ်ပြန် အုပ်စိုးမှု (Duopoly) မှာ အာဏာရပါတီက လွှတ်တော်၌ တစ်ဖက်သတ် အုပ်စိုးထားချိန်တွင် အတိုက်အခံပါတီက လွှတ်တော်ကို သပိတ်မှောက်၊ ရွေးကောက်ပွဲကို သပိတ်မှောက်၊ တစ်နိုင်ငံလုံး အိမ်ထဲမှ အပြင်မထွက်ရဟု အတင်းအကျပ် အကြမ်းဖက်ပိတ်ဆို့သည့် ဟာတားလ် (Hatel)ခေါ် အထွေထွေသပိတ်ပြုလုပ်စသည်ဖြင့် ရွေးကောက်ပွဲပြင်ပလူအုပ်စု နိုင်ငံရေး ပြုလုပ်ကာ နိုင်ငံရေးတည်ငြိမ်မှု ကင်းမဲ့နေခဲ့သည်။ လယ်သမား၊ အလုပ်သမား၊ ကျောင်းသား စသည့် လူ့အဖွဲ့အစည်းအသီးသီးတွင်နိုင်ငံရေးပါတီအလိုက် အသင်းအပင်းများ ဖွဲ့စည်းကာ အချင်းချင်း တိုက်ခိုက်နေခဲ့ကြသည်။

အကြမ်းဖက်အဖွဲ့အစည်းများနှင့် တရားမဝင် လက်နက်ခဲယမ်းများ ရောယှက်ပါဝင်လာသော အခါ တက္ကသိုလ်ကျောင်းဝင်းများအတွင်း ကျောင်းသားအဆောင် တစ်ဆောင်နှင့် တစ်ဆောင် လက်နက်ငယ်များနှင့်ပစ်ခတ်၍ တိုက်ပွဲဖြစ်ပွားသည်အထိ ဖြစ်ခဲ့သည်။ နိုင်ငံရေးပါတီများ၏ လူထုစည်းဝေးပွဲများတွင် ဗုံးဖောက်ခွဲမှု၊ ဗုံးပစ်လောင်ချာဖြင့် ပစ်ခတ်မှု စသည့် နိုင်ငံရေးအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။ ရှိတ်ဟာဆီနာ ကိုယ်တိုင်ပင်လျှင် အတိုက်အခံခေါင်းဆောင်ဘဝက ၂၀၀၄ ခုနှစ်တွင် လူထုစည်းဝေးပွဲတစ်ခု၌ လက်ပစ်ဗုံးဖြင့် ပစ်ခတ်လုပ်ကြံခံခဲ့ရဖူးပြီး အသက်ဘေးမှ သီသီလေး လွတ်ခဲ့ရဖူးသည်။ ထိုအချိန်မှစ၍ ရှိတ်ဟာဆီနာနှင့် ခါလီဒါဇီယာတို့မှာ ကမ္ဘာကြေသော်လည်း ရန်ငြိုး မပြေသည့် ကမ္ဘာရန်များ ဖြစ်သွားခဲ့ကြရလေသည်။

၂၀၀၉ ခုနှစ်နောက်ပိုင်း ရှိတ်ဟာဆီနာ၏ အဝါမီလိဂ်ပါတီ ဆက်တိုက်အာဏာကို ကိုင်စွဲထားနိုင်ခဲ့သောအခါ အတိုက်အခံပါတီများနှင့် ဘာသာရေး အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်းများကို အင်အားသုံး၍ ဖိနှိပ်ချေမှုန်းခြင်းဖြင့် နိုင်ငံရေး တည်ငြိမ်မှုကို အကြမ်းနည်းဖြင့် တည်ဆောက်ခဲ့သည်။ အခြားတစ်ဖက်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးတိုးတက်မှုကို ဦးစားပေးဆောင်ရွက်ခဲ့သည်။

အကျိုးဆက်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးမှာ ရှိတ်ဟာဆီနာ၏ လက်ထက်တွင် သိသိသာသာ တိုးတက်ခဲ့သည်။ ရှိတ်ဟာဆီနာ စတင်တာဝန်ယူသည့် ၂၀၀၉ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဂျီဒီပီတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၂ ဒသမ ၅ ဘီလီယံသာ ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်သို့ ရောက်သောအခါ ၄၃၇ ဒသမ ၄၂ ဘီလီယံ ရှိလာခဲ့ပြီး လေးဆကျော် ဖြစ်လာခဲ့သည်။ တစ်ဦးချင်းဝင်ငွေမှာ ၂၀၀၉ ခုနှစ်တွင် ၆၉၈ ဒသမ ၅ ဒေါ်လာ ရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၂၆၈၈ ဒေါ်လာသို့ ရောက်ရှိလာခဲ့သည်။ ထိုသို့ အထင်ကြီးလေးစားလောက်ဖွယ် အောင်မြင်မှုများရရှိလာသည်နှင့်အမျှ ရှိတ်ဟာဆီနာက "ဘင်္ဂလားဒေ့ရှ်၏ ၂၀၄၁ မျှော်မှန်းချက်" (Bangladesh Vision 2041) ဆိုသည်ကို ထုတ်ဖော်လာခဲ့သည်။ အဆိုပါ မျှော်မှန်းချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ၂၀၃၀ ပြည့်နှစ်တွင် အလယ်အလတ်အမြင့်ပိုင်း ဝင်ငွေရှိသည့်နိုင်ငံ (တစ်ဦးကျဝင်ငွေ ဒေါ်လာ ၅၇၀၀)၊ ၂၀၄၁ ခုနှစ်တွင် ဖွံ့ဖြိုးပြီး ဝင်ငွေမြင့်မားသည့်နိုင်ငံ (တစ်ဦးကျဝင်ငွေ ဒေါ်လာ ၁၂၅၀၀) အဖြစ် ရောက်ရှိလာစေရန် မျှော်မှန်းခဲ့ခြင်းဖြစ်သည်။

အခြေခံအဆောက်အအုံ အပိုင်းတွင်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ယခင်က မမြင်ဖူး၊ မကြားဖူးသည့် မြစ်ကူးတံတားကြီးများ၊ အဝေးပြေးလမ်းမကြီးများ၊ ဒါကာ-စစ်တကောင်း မြန်နှုန်းမြင့် ရထားလမ်း၊ ဒါကာမြို့ပတ်မြေအောက်ရထားလမ်း စသည်တို့ကို (တရုတ်နိုင်ငံ၏ ချေးငွေနှင့် နည်းပညာအကူအညီဖြင့်) တည်ဆောက်ခဲ့သည်။ စွမ်းအင်အပိုင်းတွင်လည်း ဒါကာအနောက်မြောက်ဘက် ရုပ္ပူးဒေသ၌ စက်ရုံတစ်ရုံလျှင် ၁၂၀၀ မဂ္ဂါဝပ် စွမ်းအားရှိ နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ နှစ်ရုံကို(ရုရှားနည်းပညာဖြင့်) တည်ဆောက်ခဲ့သည်။

ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ တတိယသက်တမ်း (၂၀၁၉-၂၀၂၃) ကုန်ဆုံးလုနီးကာလ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အနေအထားမှာ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုတွင်လည်း ကမ္ဘာပေါ်၌ စီးပွားရေးတိုးတက်မှုနှုန်း အမြန်ဆုံးနှင့် အမြင့်ဆုံးနိုင်ငံတစ်ခု ဖြစ်နေသကဲ့သို့ နိုင်ငံရေးအပိုင်းတွင်လည်း အတိုက်အခံမှန်သမျှကို ခေါင်းမထောင်နိုင်အောင် နှိပ်ကွပ်ထားမှုကြောင့် အတော်ပင် တည်ငြိမ်နေပြီဖြစ်သည်။ အကြမ်းဖက်အုပ်စုများကိုလည်း RAB (Rapid Action Battalion) အထူးတပ်ဖွဲ့ဖြင့် ပိုက်စိပ်တိုက်နှိမ်နင်းခဲ့သဖြင့် အကြမ်းဖက်ခေါင်းဆောင်အများစုမှာ သေသူသေ၊ ထောင်ကျသူကျ၊ တောထဲတောင်ထဲသို့ ထွက်ပြေးသူပြေးဖြင့် အင်အားပြိုကွဲလျက်ရှိသည်။ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအပေါ် လူထု၏ထောက်ခံမှုမှာလည်း လူထုသဘောထားစစ်တမ်းများအရ ၇၀ ရာခိုင်နှုန်း ရှိနေရာ ၂၀၂၄ ခုနှစ် နှစ်ဦးပိုင်းတွင် ကျင်းပမည့် ရွေးကောက်ပွဲအတွက် သပိတ်ဝင်အိတ်ဝင် အနိုင်ရမည့်အခြေအနေဟု ဆိုနိုင်လေသည်။

သို့တိုင်အောင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ရွေးကောက်ပွဲ၌ အနိုင်ရပြီး ရှစ်လအကြာတွင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာမှာ ချက်ပြီး ထမင်းဟင်းများကိုပင် မစားလိုက်ရဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် နိုင်ငံမှ ထွက်ခွာသွားခဲ့ရသည့်အဖြစ်မှာ မယုံနိုင်လောက်အောင်ပင် ဆန်းကြယ်လွန်းလှသည်။ အဘယ် အကြောင်းတရားများကြောင့် ထိုသို့ ဖြစ်ခဲ့ရပါသနည်း။

**အတိုက်အခံတို့၏ နည်းဗျူဟာ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံကို **"ဇိကုပ်၍ နတ်ပြည်တင်"** လိုသည့် ရှိတ်ဟာဆီနာ၏ စီမံကိန်းမှာ ခြောက်ပြစ်ကင်း သဲလဲစင် အောင်မြင်သည်တော့ မဟုတ်ပေ။ နှစ်ရှည်လများ နှိပ်ကွပ်ခံခဲ့ကြရသည့် အတိုက်အခံများက ရှိတ်ဟာဆီနာနှင့် အဝါမီလိဂ်ပါတီကို ဆတ်ဆတ်ခါအောင် နာကြည်းခဲ့ကြသည်။ ၂၀၂၄ ရွေးကောက်ပွဲနီးကပ်လာချိန်၌ အတိုက်အခံတို့၏ နိုင်ငံရေးနည်းဗျူဟာမှာ ပြည်တွင်းလွှတ်တော် နိုင်ငံရေး၌ အဝါမီလိဂ်ပါတီကို မည်သို့မျှ ယှဉ်နိုင်မည် မဟုတ်သဖြင့် လွှတ်တော်ပြင်ပ လူထုအုံကြွဆန့်ကျင်လှုပ်ရှားမှုဖြင့် ရှိတ်ဟာဆီနာ အစိုးရကို

*စာမျက်နှာ ၁၁ သို့*

❖ **၂၀၂၄ ခုနှစ် ဇန်နဝါရီလ ရွေးကောက်ပွဲ၌ အနိုင်ရပြီး ရှစ်လအကြာတွင် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာမှာ ချက်ပြီးထမင်းဟင်းများကိုပင် မစားလိုက်ရဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် နိုင်ငံမှ ထွက်ခွာသွားခဲ့ရသည့်အဖြစ်မှာ မယုံနိုင်လောက်အောင်ပင် ဆန်းကြယ်လွန်းလှသည်။ အဘယ်အကြောင်းတရားများကြောင့် ထိုသို့ဖြစ်ခဲ့ရပါသနည်း . . .**

❖ **ဘင်္ဂလားဒေ့ရှ်နိုင်ငံကို "ဇိကုပ်၍ နတ်ပြည်တင်" လိုသည့် ရှိတ်ဟာဆီနာ၏ စီမံကိန်းမှာ ခြောက်ပြစ်ကင်း သဲလဲစင် အောင်မြင်သည်တော့ မဟုတ်ပေ။ နှစ်ရှည်လများ နှိပ်ကွပ်ခံခဲ့ကြရသည့် အတိုက်အခံများက ရှိတ်ဟာဆီနာနှင့် အဝါမီလိဂ်ပါတီကို ဆတ်ဆတ်ခါအောင် နာကြည်းခဲ့ကြသည် . . .**

*စာမျက်နှာ ၁၀ မှ*

ဖြုတ်ချရန်၊ နိုင်ငံတကာနယ်ပယ်တွင် အဝါမီလိဂ်ပါတီ၏ လူ့အခွင့်အရေးဖောက်ဖျက်မှု၊ ရွေးကောက်ပွဲမသမာမှုနှင့် ဒီမိုကရေစီကိုဆန့်ကျင်၍ အတိုက်အခံများကို အဓမ္မဖိနှိပ်မှုများကို အကြောင်းပြု၍ နိုင်ငံတကာဒီမိုကရေစီ ဦးဆောင်နိုင်ငံများ (အနောက်နိုင်ငံများ)နှင့် နိုင်ငံတကာအဖွဲ့အစည်းများထံ ချဉ်းကပ်ကာ ရှိတ်ဟာဆီနာအစိုးရကို ဖိအားပေးစေရန်ဟူသည့် နည်းလမ်းနှစ်မျိုးဖြင့် ဆောင်ရွက်ရန် ဖြစ်လေသည်။

ရွေးကောက်ပွဲမတိုင်မီကာလ လူထုအုံကြွဆန့်ကျင်မှုနည်းလမ်းမှာမူ များစွာမအောင်မြင်လှပေ။ အဓိကအကြောင်းရင်းမှာ အတိုက်အခံ BNP ၏ ခေါင်းဆောင်ပိုင်း အားလုံးလိုလိုမှာ လှုပ်မရအောင် ဖိနှိပ်ခံထားရသဖြင့် ဦးဆောင်မှု ကင်းမဲ့နေခြင်းကြောင့်ဖြစ်၏။ BNP ပါတီ ဥက္ကဋ္ဌ ခါလီဒါဇီယာမှာ အဂတိလိုက်စားမှုဖြင့် ပြစ်ဒဏ်ကျနေပြီး ကျန်းမာရေးလည်း အကြီးအကျယ်ချို့ယွင်းကာ ဆီးချို၊ သွေးတိုး၊ ကျောက်ကပ်၊ နှလုံးရောဂါပေါင်းစုံဖြင့် အိပ်ရာထဲ၌ လဲနေသည်။ ခါလီဒါဇီယာ၏ သားတာဂျစ်ရာမန်မှာလည်း အဂတိလိုက်စားမှုဖြင့် မျက်ကွယ်တွင် တရားစီရင်ပြစ်ဒဏ်ချခံထားရကာ ဗြိတိန်နိုင်ငံတွင် တိမ်းရှောင်နေရသည်။ အခြားထိပ်တန်းပါတီခေါင်းဆောင်များနှင့် အလယ်အလတ်တန်း ခေါင်းဆောင်များမှာလည်း ရာနှင့်ချီ၍ ထိန်းသိမ်းခံထားရသည်။ ထို့ကြောင့် လူထုအုံကြွမှု ပြုလုပ်သော်လည်း မှန်းသလောက် လူမစုနိုင်သည့်အပြင် ရဲတပ်ဖွဲ့၏ အင်အားသုံး နှိမ်နင်းမှုကိုခံရသဖြင့် အရေးနိမ့်ခဲ့ရသည်။

လူ့အခွင့်အရေးနှင့်ပတ်သက်သည့် နိုင်ငံတကာဖိအားပေးရေးနည်းလမ်းမှာမူ အတော်အတန်အလုပ်ဖြစ်ခဲ့သည်ဟု ဆိုနိုင်သည်။ အမေရိကန်ဦးဆောင်သည့် အနောက်နိုင်ငံများက တရုတ်နှင့် ရုရှားနိုင်ငံတို့အပေါ် ပိုမိုမှီခိုလာသည့် ဘင်္ဂလားဒေ့ရှ်အစိုးရအား အမြင်မကြည်လင်တော့သည့်အလျောက် လူ့အခွင့်အရေးကို အကြောင်းပြကာ သံတမန်ရေးနှင့် နိုင်ငံရေးအရ လှည့်ပတ်၍ ပြဿနာရှာကာ ဖိအားပေးခဲ့သည်။ ရွေးကောက်ပွဲတွင် မဲမသမာမှုပြုလုပ်ခဲ့သည်ဟု ကျော်စောသတင်းရှိသူများနှင့် အကြမ်းဖက်အုပ်စုများအား နှိမ်နင်းရာတွင် အလွန်အကျွံအင်အားသုံးသည်ဟု စွပ်စွဲခံရသည့် RAB အထူးတပ်ဖွဲ့ခေါင်းဆောင်များကို အမေရိကန်သို့ ပြည်ဝင်ခွင့်ဗီဇာ ရုပ်သိမ်းခဲ့သည်။ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တွင် အမေရိကန်၌ ကျင်းပသည့် ဒီမိုကရေစီနိုင်ငံများ ထိပ်သီးညီလာခံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို မဖိတ်ကြားဘဲ ဖယ်ကြဉ်ထားခဲ့သည်။ အမေရိကန်ထိပ်တန်းအရာရှိများကို စေလွှတ်၍ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အလေးမထားလျှင် ဘင်္ဂလားဒေ့ရှ်နှင့် ပူးပေါင်းဆောင်ရွက်မှုများကို လျှော့ချမည်ဟု ခြိမ်းခြောက်ခဲ့သည်။

ရှိတ်ဟာဆီနာနှင့် အဝါမီလိဂ်ပါတီ ခေါင်းဆောင်များကလည်း အနောက်နိုင်ငံများ၏ ဖိအားပေးမှုကို ခေါင်းငုံ့မခံဘဲ တုံ့ပြန်ခဲ့ကြသည်။ ၂၀၂၃ ခုနှစ် ဧပြီလတွင် ဘင်္ဂလားဒေ့ရှ်လွှတ်တော်၌ ဝန်ကြီးချုပ်ရှိတ်ဟာဆီနာက မိန့်ခွန်းပြောကြားခဲ့ရာတွင် အမေရိကန်နိုင်ငံကို တဲ့တိုးပင်ဖော်ထုတ်၍ ပြစ်တင်ဝေဖန်မှုများ ပြုလုပ်ခဲ့သည်။ ရှိတ်ဟာဆီနာက အမေရိကန်နိုင်ငံသည် ဘင်္ဂလားဒေ့ရှ်တွင် ဒီမိုကရေစီကို ဆိတ်သုဉ်းအောင် ပြုလုပ်နေပြီး ဒီမိုကရေစီမကျင့်သုံးသည့် အစိုးရတစ်ရပ် ပေါ်ထွက်လာစေရန် ကြိုးပမ်းနေသည်ဟု စွပ်စွဲခဲ့သည်။ အမေရိကန်သည် ဒီမိုကရေစီစံနှုန်းများအား အတ္တလန္တိတ်သမုဒ္ဒရာကို ကျော်လွန်၍ ကျင့်သုံးမှုမရှိ (ပြည်ပနိုင်ငံများတွင် ဒီမိုကရေစီကို ဘေးချိတ်ထားကာ ဝင်ရောက်စွက်ဖက်သည်)ဟု ဆိုခဲ့သည်။ **"သူတို့က ဘယ်နိုင်ငံက အစိုးရကိုမဆို ဖြုတ်ချနိုင်တယ်။ အထူးသဖြင့် မွတ်စလင်နိုင်ငံတွေကတော့ ပိုပြီးဆိုးတာပေါ့"**ဟု ဟာဆီနာက ပြောကြားခဲ့သည်။

အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံများက ရှိတ်ဟာဆီနာ၏ အာဏာရပါတီကို တစ်ဖက်က ဖိအားပေးခဲ့သလို အခြားတစ်ဖက်တွင်လည်း အတိုက်အခံအုပ်စုများနှင့် ပိုမိုထိတွေ့ဆက်သွယ်လာခဲ့ရာ အဝါမီလိဂ်နှင့် အမေရိကန်ဆက်ဆံရေးမှာ ပိုမိုတင်းမာလာခဲ့လေသည်။

### ၂၀၂၄ ခုနှစ်ရွေးကောက်ပွဲနှင့် နောက်ဆက်တွဲ ဖြစ်ရပ်များ

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် အဓိကအတိုက်အခံ BNP ပါတီက ၄၈ နာရီ ပြည်လုံးကျွတ်သပိတ်မှောက်ကြရန် လှုံ့ဆော်နေသည့်အကြားမှ ဇန်နဝါရီလ ၇ ရက်နေ့တွင် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ဆန္ဒမဲပေးရန် မှတ်ပုံတင်ထားသူ ၁၁၉ သန်းအနက်မှ သန်း ၅၀ ကျော်လာရောက် မဲပေးခဲ့ကြပြီး ဆန္ဒမဲပေးသူ ရာခိုင်နှုန်းမှာ ၄၁ ရာခိုင်နှုန်းကျော် ဖြစ်သည်ဟုဆိုသည်။ လွှတ်တော်တစ်ရပ်တည်းသာရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရွေးကောက်ခံအမတ်နေရာ ၃၀၀ ရှိသည့်အနက် ရှိတ်ဟာဆီနာ၏ အဝါမီလိဂ်ပါတီက ၂၂၄ နေရာ (၇၄ ဒသမ ၆) ရာခိုင်နှုန်း အနိုင်ရရှိသည်။ အာရှတ်ထူထောင်ခဲ့သည့် ဂျာတီယပါတီက ၁၃ နေရာ၊ ပါတီငယ်သုံးခုက သုံးနေရာနှင့် အဝါမီလိဂ်နှင့် နီးစပ်သော တစ်သီးပုဂ္ဂလများက ၆၂ နေရာ ရရှိသည်ဟုဆိုသည်။ အဓိကအတိုက်အခံပါတီများဖြစ်သော BNP နှင့် ဂျမ္မတ်အီ အစ္စလာမီပါတီတို့က ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြသည်။

ဇန်နဝါရီလ ၁၀ ရက်နေ့တွင် အစိုးရအဖွဲ့သစ်နှင့်အတူ အသက် ၇၆ နှစ်ရှိပြီဖြစ်သည့် ရှိတ်ဟာဆီနာသည် စတုတ္ထသက်တမ်းအတွက် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ အသက်အရွယ်အနေအထားအရ ဤသက်တမ်းသည် ရှိတ်ဟာဆီနာ၏ နိုင်ငံရေးဘဝတွင် နောက်ဆုံးတာဝန်ထမ်းဆောင်ခြင်း ဖြစ်နိုင်ဖွယ်ရှိသည်။

သို့ရာတွင် အတိုက်အခံများနှင့် အဝါမီလိဂ်အစိုးရကို ဖြုတ်ချလိုသူ ပယောဂများကမူ ဤနောက်ဆုံး သက်တမ်းပြီးဆုံးသွားသည်အထိပင် စောင့်ဆိုင်းလိုဟန် မရှိပေ။ ၂၀၂၄ ခုနှစ် ရွေးကောက်ပွဲအကြိုနှင့် ရွေးကောက်ပွဲလွန်ကာလများတွင် နိုင်ငံရေးလှုပ်ရှားမှုများကို သိုသိပ်စွာ စတင်ခဲ့ကြသည်။

### ကျွဲလေးကောင်အကြားမှ မြေစာပင်ဘဝ

အင်အားကြီးအုပ်စုနှစ်ခု၏ အားပြိုင်မှုအကြားမှ နိုင်ငံငယ်တစ်ခု၏ဘဝကို ကျွဲနှစ်ကောင်ခတ်သည့်အကြားမှ မြေစာပင်နှင့် နှိုင်းကြသည်ဟုဆိုပါလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အဖြစ်သနစ်မှာမူ **"ကျွဲလေးကောင်အကြားမှ မြေစာပင်"** ဟု ဆိုရဖွယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ့မဟာဗျူဟာအင်အားကြီးနိုင်ငံများဖြစ်သော တရုတ်နှင့် အမေရိကန်တို့၏ အားပြိုင်မှုအကြား၌လည်းကောင်း၊ တောင်အာရှ အင်အားကြီးနှစ်နိုင်ငံဖြစ်သော အိန္ဒိယနှင့် ပါကစ္စတန်တို့၏ အားပြိုင်မှုအကြား၌လည်းကောင်း ကျရောက်နေခဲ့ရသောကြောင့် ဖြစ်ပါ၏။

ရှိတ်ဟာဆီနာ၏ အဝါမီလိဂ်ပါတီအစိုးရမှာ နောက်ပိုင်းတွင် အိန္ဒိယ၊ တရုတ်တို့နှင့် ပိုမို နီးကပ်စွာ ဆက်ဆံခဲ့သည်ကို တွေ့မြင်ရသည်။ အတိုက်အခံဖြစ်သော BNP နှင့် ဂျမ္မတ်အီ အစ္စလာမီပါတီတို့မှာ ပါကစ္စတန်နှင့် အနောက်အုပ်စုတို့နှင့် ပို၍ အလွမ်းသင့်သည်။

ရှိတ်ဟာဆီနာနှင့် အနောက်အုပ်စုတို့၏ သဘောထားကွဲပြားတင်းမာမှုမှာ ရွေးကောက်ပွဲလွန်ကာလတွင် ပို၍ထင်ရှားသိသာလာသည့်သဘောကို တွေ့မြင်ရပါသည်။ ၂၀၂၄ ခုနှစ် ဘင်္ဂလားဒေ့ရှ် ရွေးကောက်ပွဲရလဒ်ကို အိန္ဒိယ၊ တရုတ်နှင့် ရုရှားနိုင်ငံတို့က လျင်မြန်စွာ အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုခဲ့ကြသော်လည်း၊ အမေရိကန်နှင့် ဗြိတိန်တို့ကမူ လွတ်လပ်၍မျှတသော ရွေးကောက်ပွဲမဟုတ်ဟု ပြစ်တင်ဝေဖန်ခဲ့ကြသည်။

■ **"ဘင်္ဂလားဒေ့ရှ်(စစ်တကောင်းဒေသ)နှင့် မြန်မာနိုင်ငံမှ နယ်မြေများပါဝင်သည့် အရှေ့တီမောကဲ့သို့ အလားတူ ခရစ်ယာန်နိုင်ငံသစ်တစ်ခုကို ဖန်တီးရန်အတွက် ဘင်္ဂလားဒေ့ရှ်ပင်လယ်အော်ဒေသ၌ လေတပ်စခန်းတစ်ခု တည်ဆောက်ခွင့်ပေးရန် လူဖြူတစ်ဦးက ရွေးကောက်ပွဲမတိုင်မီကာလက မိမိထံ လာရောက်ကမ်းလှမ်းခဲ့ကြောင်း၊ ဤကိစ္စကို သဘောတူပါက ရွေးကောက်ပွဲတွင် မည်သည့် အနှောင့်အယှက် အဟန့်အတားမျှမဖြစ်စေဘဲ အောင်မြင်စွာ ပြီးစီးစေရမည်ဟု အာမခံခဲ့ကြောင်း" ပြောကြားခဲ့သည်။ "ထိုကမ်းလှမ်းမှုကို မိမိက သဘောမတူ ပယ်ချခဲ့ခြင်းသည်ပင်လျှင် ထိုသူတို့အတွက် မိမိ၏ အကြီးဆုံးပြစ်မှုကြီး ဖြစ်သွားခဲ့ကြောင်း၊ ရှေ့ဆက်၍လည်း ဒုက္ခပေးလာဖွယ်ရှိကြောင်း၊ သို့သော် မစိုးရိမ်ကြစေလိုကြောင်း"**

ရှိတ်ဟာဆီနာကလည်း အနောက်အုပ်စု၏ လှို့ဝှက်ကြံစည်မှုကို ၂၀၂၄ ခုနှစ် မေလတွင် ထုတ်ဖော်ဖွင့်ချခဲ့သည်။ မေလ ၂၃ ရက်နေ့တွင် မဟာမိတ် ၁၄ ပါတီ တွေ့ဆုံသည့် အစည်းအဝေး၌ ရှိတ်ဟာဆီနာက **"ဘင်္ဂလားဒေ့ရှ် (စစ်တကောင်းဒေသ)နှင့် မြန်မာနိုင်ငံမှ နယ်မြေများပါဝင်သည့် အရှေ့တီမောကဲ့သို့ အလားတူ ခရစ်ယာန်နိုင်ငံသစ်တစ်ခုကို ဖန်တီးရန်အတွက် ဘင်္ဂလားဒေ့ရှ်ပင်လယ်အော်ဒေသ၌ လေတပ်စခန်းတစ်ခု တည်ဆောက်ခွင့်ပေးရန် လူဖြူတစ်ဦးက ရွေးကောက်ပွဲမတိုင်မီကာလက မိမိထံလာရောက် ကမ်းလှမ်းခဲ့ကြောင်း၊ ဤကိစ္စကို သဘောတူပါက ရွေးကောက်ပွဲတွင် မည်သည့်အနှောင့်အယှက် အဟန့်အတားမျှမဖြစ်စေဘဲ အောင်မြင်စွာပြီးစီးစေရမည်ဟု အာမခံခဲ့ကြောင်း"** ပြောကြားခဲ့သည်။ **"ထိုကမ်းလှမ်းမှုကို မိမိက သဘောမတူ ပယ်ချခဲ့ခြင်းသည်ပင်လျှင် ထိုသူတို့အတွက် မိမိ၏ အကြီးဆုံးပြစ်မှုကြီး ဖြစ်သွားခဲ့ကြောင်း၊ ရှေ့ဆက်၍လည်း ဒုက္ခပေးလာဖွယ်ရှိကြောင်း၊ သို့သော် မစိုးရိမ်ကြစေလိုကြောင်း"** လည်း ဟာဆီနာက ပြောကြားခဲ့သည်။

ရှိတ်ဟာဆီနာက လာရောက်ချဉ်းကပ်သူ လူဖြူသည် မည်သည့်နိုင်ငံမှ ဖြစ်ကြောင်း ဖော်ထုတ်ခဲ့ခြင်း မရှိသော်လည်း အဝါမီလိဂ်ပါတီ၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သည့် ဆာဒ်ရှူး အာမက်ခန်းကမူ အမေရိကန်သည် နတ်မြစ်ဝရှိ စိန့်မာတင်ကျွန်း၌ ရေတပ်စခန်းဌာနချုပ်တစ်ခု တည်ဆောက်ထားရှိခွင့်ရရေး ကြိုးပမ်းနေခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် NUG နှင့် PDF ကဲ့သို့ အစိုးရဆန့်ကျင်ရေး အင်အားစုများနှင့် မြန်မာနိုင်ငံ ချင်းပြည်နယ်ရှိ ခရစ်ယာန်ဘာသာဝင် ကူကီး-ချင်း သူပုန်များကို ထောက်ပံ့ကူညီနိုင်ရေးအတွက် တောင်အာရှဒေသကိုဖြတ်၍ လမ်းကြောင်းဖောက်လုပ်ရန် ကြိုးပမ်းနေသည်မှာ ထင်ရှားလှကြောင်း၊ အိန္ဒိယသတင်းစာတစ်စောင်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားခဲ့သည်။

မဟာမိတ် ၁၄ ပါတီနှင့် တံခါးပိတ်ဆွေးနွေးရာ၌ မိမိတို့အစိုးရကို ဖြုတ်ချရေးအတွက် လှို့ဝှက်ကြံစည်မှုများရှိနေပြီး၊ မိမိသည်လည်း မိမိ၏ ဖခင် (ရှိတ်မူဂျီဘူရာမန်)ကဲ့သို့ ကံကြမ္မာမျိုးဖြင့် တွေ့ကြုံရနိုင်ကြောင်း၊ သို့သော် မိမိကတော့ အောက်ကျို့အရှုံးပေးမည်မဟုတ်ကြောင်းလည်း ရှိတ်ဟာဆီနာက ပြောကြားခဲ့သည်ဟု ဆိုသည်။

### ယမ်းအိုးနှင့်မီးပွား

ရှိတ်ဟာဆီနာအနေဖြင့် သူ့ကိုဖြုတ်ချရန် လှို့ဝှက်ကြံစည်နေမှုအပေါ် ကြိုတင်သိရှိခဲ့သည့်တိုင်အောင် အခြေအနေကို ကောင်းစွာထိန်းသိမ်းကျော်လွှားနိုင်လိမ့်မည်ဟု စိတ်ချယုံကြည်ခဲ့ဟန်တူသည်။ ရွေးကောက်ပွဲကိုလည်း သောင်ပြိုကမ်းပြိုနိုင်ခဲ့ပြီးပြီ။ လူထုထောက်ခံမှုလည်း ရှိနေသည်။ အတိုက်အခံ အများစုကိုလည်း ထိန်းချုပ်ထားသည်။ ဘင်္ဂလားဒေ့ရှ်ကြည်းတပ်ဦးစီးချုပ်ကိုလည်း ဟာဆီနာ၏ လူယုံတစ်ဦးဖြစ်၊ တူမဝမ်းကွဲ၏ ခင်ပွန်းလည်းဖြစ်သော ဗိုလ်ချုပ်ကြီး ဝါကာဥဇမန်ကို စစ်ဦးစီးအရာရှိချုပ်(ကြည်း)အဖြစ် ရွေးကောက်ပွဲမတိုင်မီကလေးတွင်ပင် ခန့်ထားခဲ့ပြီး ရာထူးသက်ခြောက်လမျှနှင့်ပင် ကြည်းတပ်ဦးစီးချုပ်အဖြစ် ရာထူးတိုးမြှင့်ပေးခြင်းဖြင့် စိတ်ချရအောင် ပြုလုပ်ထားခဲ့သည်။

သို့ရာတွင် နိုင်ငံရေးစစ်တုရင်ပွဲ၌ တစ်ဖက်မှ ယှဉ်ပြိုင်ကစားနေသူများတွင်လည်း အားသန်သည့် ကစားကွက်များရှိနေသည်။ ရွေးကောက်ပွဲဖြင့် တင်မြှောက်ထားသည့် အစိုးရတစ်ရပ်တွင် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို တရားဝင်ဆောင်ရွက်ခွင့်ရှိရာ ယင်းကို နိုင်ငံရေးအန်တုမှုဖြင့် လူထုအုံကြွဖြုတ်ချရေးမှာ လွယ်ကူသည့် ကိစ္စတော့မဟုတ်ပေ။

ပထမဆုံးလိုအပ်ချက်မှာ အုံကြွမှုတွင်ပါဝင်မည့် လူထု၌ အစိုးရအပေါ် မကျေနပ်သည့်စိတ်များ အခြေခံအားဖြင့် ရှိနေရေးဖြစ်သည်။ ယင်းမှာ ပေါက်ကွဲလွယ်သည့် ယမ်းအိုးကြီးနှင့် တူသည်။ ထို့နောက် လူထု၏ မကျေနပ်စိတ်များကို ပေါက်ကွဲသွားအောင် ဖောက်ခွဲပစ်နိုင်သည့် ပြဿနာ မီးပွားတစ်ခု ပေါ်ပေါက်လာပါက ယင်းမီးပွားကို စနက်တံ၌ ရှို့၍ အစပျိုးပေးလိုက်ကာ အခြေအနေကို ထိန်းမရအောင် ဖောက်ခွဲလိုက်ရန်ဖြစ်သည်။ ယင်းလုပ်ငန်းကို တက်တက်ကြွကြွ ဦးဆောင်လုပ်ကိုင်ပေးမည့် တက်ကြွလှုပ်ရှားသူများကိုမူ ကြိုတင်မွေးမြူ စုစည်းထားရန်လိုသည်။

ဘင်္ဂလားဒေ့ရှ် အရေးအခင်းတွင် အခြေခံယမ်းအိုးမှာ အခြေခံပြည်သူလူထု၏ စားဝတ်နေရေး မပြေလည်မှုဖြစ်သည်။ ရှိတ်ဟာဆီနာလက်ထက်တွင် နိုင်ငံ၏စီးပွားရေး တစ်ဟုန်ထိုး တိုးတက်ခဲ့သည်မှန်သော်လည်း၊ စီးပွားရေးတိုးတက်မှုနှင့်အတူ ငွေကြေးဖောင်းပွမှုကလိုက်ပါလာပြီး အခြေခံလူသုံးကုန်နှင့် စားကုန်ဈေးနှုန်းတို့ ကြီးမြင့်လာသည်။ သို့သော် အောက်ခြေလူတန်းစားတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့်ဝင်ငွေက လုံလောက်အောင် တိုးတက်မလာသဖြင့် မကျေနပ်မှုများ ရှိနေကြသည်။ ဤအထဲတွင် စီးပွားရေးဖွံ့ဖြိုးမှုနှင့်အတူ ယှဉ်တွဲပါလာလေ့ရှိသော ဗျူရိုကရေစီယန္တရား၏ အကျင့်ပျက်ခြစားမှုနှင့် အောက်ခြေလူထုအပေါ် ဖိစီးအနိုင်ကျင့်မှုများက အစိုးရကို အမြင်ဆိုးများ ဖန်တီးပေးခဲ့သည်။ ရွေးကောက်ပွဲအကြိုကာလ နိုင်ငံရေးမတည်ငြိမ်မှုနှင့် အတိုက်အခံများအား စုပြုံဖမ်းဆီးမှုများကလည်း အတိုက်အခံဘက်နှင့် နီးနွယ်သူများ၏ နာကြည်းမုန်းတီးမှုများကို ကြီးထွားစေခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်)*



# ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး စဉ့်ကိုင်မြို့နယ် မုန့်ပေါင်း-ဇော်ဂျီ-ရွာသစ်- ကန်ကြီး ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စဉ့်ကိုင် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၃၇ ဒသမ ၁၇ သန်းဖြင့် မုန့်ပေါင်း- ဇော်ဂျီ- ရွာသစ်- ကံကြီး ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့်အဖွဲ့ ဩဂုတ် ၂၉ ရက် နံနက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ဇေယျာဝင်း၊ ကျောက်ဆည်ခရိုင် ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းဝါတို့က လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါလမ်းကို တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၃၇ ဒသမ ၁၇ သန်းဖြင့် အရှည် သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မထုခင်းကျင်းမည်ဖြစ်ပြီး ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးပါက ကျေးရွာသုံးရွာမှ အိမ်ခြေ ၇၅၀ မှ လူဦးရေ ၃၄၀၀ တို့ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ (စဉ့်ကိုင်)**



# ဇလွန်မြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုက်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲနှင့်ပိတ်ပွဲအခမ်းအနားကျင်းပ



**ဇလွန် ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ အမျိုးသားခန်းမ၌ ယနေ့ နံနက် ၉ နာရီက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်သည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အမှာစကား ပြောကြား ပြီး အထက (၁)ဇလွန် ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်" သီချင်းဖြင့် ကပြဖျော်ဖြေသည်။ ဆက်လက်၍ ဆုချီးမြှင့်ပွဲကိုကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက စာပေဟောပြောပွဲတွင် ပါဝင်ဟောပြောခဲ့ကြသော စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြင့်သန်းနုက လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသော ကျောင်းသား ကျောင်းသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

**ကပြဖျော်ဖြေ**

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး အမက(ကမ်းနား) ကျောင်းမှ ကျောင်းသား ကျောင်းသူများက "စည်းလုံးချင်းအတွက် သီချင်းတစ်ပုဒ်"သီချင်းဖြင့် ကပြဖျော်ဖြေကြကာ အဆိုပါပွဲတော်တွင်ဖျော်ဖြေကပြသီဆိုခဲ့ကြသော ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ပေးအပ်သည့် ဂုဏ်ပြုချီးမြှင့်ငွေများအား တာဝန်ရှိသူများက ပေးအပ်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ပန်းတောင်းမြို့နယ်၌ လက်ဆွဲမျိုးစေ့ချကိရိယာပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ပန်းတောင်း ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ဩဂုတ် ၂၈ရက်က ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြန့်ဝေသည့် လက်ဆွဲမျိုးစေ့ချကိရိယာ (Manual Drum Seeder Type-ll) ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

**လက်ဆွဲမျိုးစေ့ချကိရိယာပေးအပ်**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရက အမှာစကားပြောကြားပြီး ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်အေးအေးသင်းနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြန့်ဝေသည့် လက်ဆွဲမျိုးစေ့ချကိရိယာ (Manual Drum Seeder Type-ll) အလက် ၄၁ လက်ကို ရပ်ကွက်/ ကျေးရွာအုပ်စုများရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**လပြည့်လင်း (ပြန်/ဆက်)**




❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့် အညီ အရေးယူခံရနိုင်ပါသည်။

# ကြံခင်းမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့

**ကြံခင်း ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းတန်နှင့်အဖွဲ့သည် ရေဘေးသင့် ပြည်သူများအား ဩဂုတ် ၂၈ ရက်က ကြံခင်းမြို့ မြို့မရပ်ကွက် သာသနာ့ဗိမာန်တော်တွင် ကမ္ဘာ့စားနပ်ရိက္ခာ (WFP)မှ အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခြင်းကို ကြည့်ရှုခဲ့သည်။

ထိုသို့ထောက်ပံ့ပေးရာတွင် ကမ္ဘာ့စားနပ်ရိက္ခာ(WFP) မှ ဦးကျော်သူလတ်နှင့်အဖွဲ့များက အခြေခံစားသောက်ကုန်များကို ကြံခင်းမြို့နယ်အတွင်း ဇူလိုင်လက ရေဘေးသင့်ခဲ့သော ပြည်သူ ၁၆၀၀ ကျော်အား တစ်ဦးလျှင် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်ခုနစ်ပြည် လေးလုံး၊ ဘီစကစ် ၁၅ ထုပ်၊ ကိုယ်ဝန်ဆောင်(သို့) နို့တိုက်မိခင် ဖြည့်စွက်အာဟာရမှုန့်နှစ်ထုပ်၊ ခြောက်လမှ ၅၉ လ အရွယ်ကလေးငယ်တစ်ဦးလျှင် ဖြည့်စွက်အာဟာရမှုန့် နှစ်ထုပ်စီကို ထောက်ပံ့ပေးသည်။

**မြို့နယ် (ပြန်/ဆက်)**

# ထရမ့်ကို အသေးစိတ်အစီအစဉ်ဆွဲပြီး လုပ်ကြံခဲ့ခြင်းဖြစ်ကြောင်း အက်ဖ်ဘီအိုင် ရှာဖွေတွေ့ရှိ

ဝါရှင်တန် ဩဂုတ် ၂၉

**လွန်ခဲ့သည့်လက အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်ကို သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခဲ့သူသည် ဖြစ်နိုင်ခြေရှိသည့် ပစ်မှတ်များကို အွန်လိုင်းတွင်အကြိမ်ကြိမ်ရှာဖွေခဲ့ပြီး တိုက်ခိုက်မှုကို အသေးစိတ် စီစဉ်ခဲ့ကြောင်း အမေရိကန်စုံစမ်းစစ်ဆေးရေးဗျူရို (အက်ဖ်ဘီအိုင်) က ပြောကြားလိုက်သည်။**




နိုဝင်ဘာ သမ္မတရွေးကောက်ပွဲအတွက် အမည်စာရင်းတင်သွင်းထားသည့် ရီပတ်ဘလစ်ကန် သမ္မတလောင်း မစ္စတာထရမ့်သည် ဇူလိုင် ၁၃ ရက်က အမေရိကန်အရှေ့ပိုင်း ပန်ဆယ်ဗေးနီးယား ပြည်နယ်တွင် ပြုလုပ်သည့်မဲဆွယ်ပွဲတွင် သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီး ဒဏ်ရာရရှိခဲ့သည်။

အသက် ၂၀ အရွယ်ရှိ သေနတ်သမား သောမတ်စ်ခရွတ်စ်ကို အခင်းဖြစ်ပွားရာနေရာတွင် အသေပစ်ခတ်ဖမ်းဆီးခဲ့သည်။

သေနတ်သမားအသုံးပြုခဲ့သော ရိုင်ဖယ်နှင့် ၎င်း၏ကားထဲတွင် တွေ့ရှိခဲ့သည့် ဖောက်ခွဲရေး ပစ္စည်းများ၊ အခြားဆက်စပ်ပစ္စည်းများ၏ပုံကို အက်ဖ်ဘီအိုင်က ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ခဲ့သည်။

သေနတ်သမားသည် ဧပြီလကတည်းက ထရမ့်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့၏ မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုများကို ရှာဖွေခဲ့ကြောင်း ဗျူရိုက ပြောကြားလိုက်သည်။

ပစ်ခတ်တိုက်ခိုက်မှုမတိုင်မီ ရက်ပေါင်း ၃၀ ကတည်းက ခရွတ်စ်သည် ထရမ့်နှင့် ဘိုင်ဒင်တို့နှင့် ပတ်သက်သည့် အချက်အလက်ပေါင်း ၆၀ ကျော် ရှာဖွေခဲ့ကြောင်း အက်ဖ်ဘီအိုင်က ပြောသည်။

ထို့အပြင် ၎င်းသည် ၂၀၁၉ ခုနှစ် စက်တင်ဘာကတည်းက ဓာတ်မြေဩဇာမှတစ်ဆင့် ဗုံးလုပ်နည်းနှင့် အဝေးထိန်းဗုံးခွဲကိရိယာ အလုပ်လုပ်ပုံအပါအဝင် ဖောက်ခွဲရေးပစ္စည်းဆိုင်ရာ အချက်အလက်များကိုလည်း ရှာဖွေခဲ့သည်။

ခရွတ်စ်သည် လုပ်ကြံတိုက်ခိုက်မည့်အစီအစဉ်ကို အသေးစိတ်စီစဉ်ခဲ့ကြောင်းနှင့် ယခုကဲ့သို့ မဲဆွယ်စည်းရုံးပွဲကို အဓိကပစ်မှတ်ထားပြီး အခွင့်အရေးတစ်ခုအဖြစ် အသုံးချခဲ့ကြောင်း အက်ဖ်ဘီအိုင်က ပြောသည်။ ခရွတ်စ်သည် သေနတ် ရှစ်ချက် ပစ်ခတ်ခဲ့ကြောင်းနှင့် ခေါင်းမိုးပေါ်ထွက်ပြေးနေချိန် ခြောက်မိနစ်အကြာတွင် ပစ်သတ်ခံခဲ့ရကြောင်း အက်ဖ်ဘီအိုင်က ပြောသည်။

သေနတ်ပစ်ခတ်ရသည့် အကြောင်းရင်းကို သိရှိရန် အက်ဖ်ဘီအိုင်က စုံစမ်းစစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်နိုင်ငံ ဘာ့ဒ့ါခ်ရှန်ပြည်နယ်၌ အာဟာရချို့တဲ့မှုကြောင့် ကလေး ၂၆ ဦး သေဆုံး

**ကဘူးလ် ဩဂုတ် ၂၉**

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဘာ့ဒ့ါခ်ရှန်ပြည်နယ်၌ လွန်ခဲ့သည့် ငါးလကျော်အတွင်း အစားအစာ မလုံလောက်မှုနှင့် အာဟာရချို့တဲ့မှုများကြောင့် အသက်ငါးနှစ်အောက်ကလေး ၂၆ ဦး သေဆုံးခဲ့သည်ဟု ဩဂုတ် ၂၉ ရက်တွင် ဆေးရုံသတင်းရင်းမြစ်က သိရသည်။



ယခုကာလအတွင်း အသက်ငါးနှစ်အောက် ကလေးငယ် ၃၆၅ ဦးမှာ ဆေးရုံတင်ထားရကြောင်း ဒေသခံ ဆရာဝန်တစ်ဦးဖြစ်သူ အဗ္ဗဒူမာ လစ်ခ်ရိုဖီက ပြောကြားသည်။

မတ် ၂၀ ရက်မှစ၍ ကလေးစုစုပေါင်း ၂၆၉၆ ဦးမှာ ဆေးရုံတက်ခဲ့ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဆင်းရဲသည့်ဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှု အကန့်အသတ်များရှိခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုအလုံအလောက်မရခြင်း၊ ဆင်းရဲမွဲတေခြင်းနှင့် အာဟာရပြည့်ဝသည့် အစားအစာမရှိခြင်းတို့ကြောင့် အာဟာရချို့တဲ့မှုပြဿနာများ ဖြစ်ပါလာရခြင်းဖြစ်သည်ဟု ဆရာဝန်များက ယူဆသည်။

အာဖဂန်နစ္စတန် နိုင်ငံတစ်လွှားကလေးပေါင်း ၂ ဒသမ ၉ သန်းနီးပါးမှာ အစာရေစာပြတ်လပ်မှုနှင့် အာဟာရချို့တဲ့မှုဘေးတို့ ခံစားနေရကြောင်း အကူအညီပေးရေး အေဂျင်စီများ၏ အစီရင်ခံစာအရ သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် ရေကြီးမှုကြောင့် သေဆုံးသူ ၃၅ ဦး အထိရှိလာ

**နယူးဒေလီ ဩဂုတ် ၂၉**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် မတော်တဆမှုများကြောင့် သေဆုံးသူ ၃၅ ဦးအထိ ရှိလာသည်ဟု ပြည်တွင်းမီဒီယာများတွင် ဖော်ပြသည်။

ပြည်နယ်အတွင်း လေးရက်ဆက်တိုက် မိုးသည်းထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်လျက်ရှိသည်။ မိုးအဆက်မပြတ်ရွာသွန်းနေချိန် ရာ့ဂျ်ကော့ အပြည်ပြည်ဆိုင်ရာလေဆိပ်၏ ပြေးလမ်းဘေးနံရံတစ်ခု ပြိုကျခဲ့သည်။ ပြည်နယ်အတွင်း ရေဘေးသင့်ခရိုင်များတွင် ကယ်ဆယ်ရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ လူဦးရေ ၁၈၀၀၀ နီးပါးကို ရေဘေးသင့်ဒေသမှ ကယ်တင်ခဲ့ရပြီး ၄၀၀၀၀ ကျော်ကို လုံခြုံစိတ်ချရသည့်နေရာများသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ပြည်နယ်အတွင်း ရေလှောင်ကန်နှင့် ရေကာတာ ၁၄၀ နှင့် မြစ်ချောင်း ၂၄ စင်းတို့မှာ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေကြောင်း တာဝန်ရှိသူများက ပြောသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယာဉ်အသွားအလာများတွင် အနှောင့်အယှက်များဖြစ်ပေါ်နေပြီး ရထားပြေးဆွဲမှုများ၊ လေယာဉ်ပြေးဆွဲမှုများတွင်လည်း အနှောင့်အယှက်များ ဖြစ်ပေါ်ခဲ့သည်။ **ဆင်ဟွာ**

## တိုင်ဖွန်းမုန်တိုင်း ရှန်ရှန် ဂျပန်နိုင်ငံ အနောက်တောင်ဘက်သို့ ဝင်ရောက်ခဲ့သောကြောင့် သုံးဦးသေဆုံးပြီး ၈၂ ဦးဒဏ်ရာရ

**တိုကျို ဩဂုတ် ၂၉**

တိုင်ဖွန်းမုန်တိုင်း ရှန်ရှန်သည် ဩဂုတ် ၂၉ ရက်က ဂျပန်နိုင်ငံ အနောက်တောင်ဘက် ကာဂိုရှီမာခရိုင်ကို ဖြတ်ကျော်ဝင်ရောက်ခဲ့ချိန်၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းမုန်တိုင်းများ တိုက်ခတ်ခဲ့သောကြောင့် သုံးဦးသေဆုံးပြီး ၈၂ ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့အတူ လူတစ်ဦး ပျောက်ဆုံးလျက်ရှိသည်။

မုန်တိုင်းကြောင့် အအိချီခရိုင် ဂါမာဂိုရီမြို့တွင် မြေပြိုကျမှုတစ်ခု အင်္ဂါနေ့ညတွင် ဖြစ်ပွားခဲ့ပြီး သုံးဦးသေဆုံးခဲ့ကာ နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသသတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

ဩဂုတ် ၂၉ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၅၀ တွင် အင်အားပြင်း မုန်တိုင်းကြောင့် မီယာဇာကီနှင့် ကာဂိုရှီမာခရိုင်တို့တွင် ၇၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး မီအီခရိုင်တွင် တစ်ဦးဒဏ်ရာရရှိခဲ့သည်။ ကာဂိုရှီမာခရိုင်အနီး ဘေးလွတ်ရာ ခိုလှုံနိုင်ရန် ရှာဖွေနေစဉ် အသက် ၆၀ ကျော် အမျိုးသားတစ်ဦး သင်္ဘောပေါ်မှ ပြုတ်ကျပြီး ပျောက်ဆုံးခဲ့သည်။



အင်အားပြင်းမုန်တိုင်း ရှန်ရှန် ဝင်ရောက် တိုက်ခတ်မှုကြောင့် ဆက်သွယ်ရေး ဝန်ဆောင်မှုများ ပြတ်တောက်ခဲ့ပြီး နေရာအနှံ့ လျှပ်စစ်မီးနှင့် ရေပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့အပြင် ရထားလိုင်းများနှင့် လေကြောင်းလိုင်းများလည်း ဖျက်သိမ်းခဲ့ရသည်။

ဩဂုတ် ၂၉ ရက်တွင် ဂျပန်ဝန်ကြီးချုပ် ဖူမီယိုကီရှီဒါးသည် ဝန်ကြီးအဖွဲ့အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့ပြီး ဒေသခံများအား ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို သတိပြုနေထိုင်ရန် တိုက်တွန်းခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း ရှန်ရှန်သည် အရှေ့ဘက်သို့ တဖြည်းဖြည်း ဆက်လက် ရွေ့လျားလျက်ရှိပြီး မုန်တိုင်းအရှိန်ကြောင့် နောက်ထပ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် အာဏာပိုင်များက ပြည်သူများကို သတိပြုနေထိုင်ကြရန်အကြံပေးထားသည်။

**ဆင်ဟွာ**



## လာအိုနိုင်ငံတွင် HPV ကာကွယ်ဆေး အခမဲ့ထိုးပေးမည်

**ဗီယင်ကျန်း ဩဂုတ် ၂၉**

လာအိုနိုင်ငံတစ်ဝန်း ဆေးရုံများတွင် သားအိမ်ခေါင်းကင်ဆာကို ကာကွယ်ရန် အသက် ၁၀ နှစ်မှ ၁၄ နှစ်ကြား မိန်းကလေးငယ်များကို HPV ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးရန် ပြင်ဆင်လျက်ရှိသည်။ အောက်တိုဘာလမှစတင်ကာ တစ်နိုင်ငံလုံးအနှံ့ ကာကွယ်ဆေးထိုးခြင်းအစီအစဉ်စတင်မည်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိသတင်းအချက်အလက်နှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးရေးစင်တာ၏ အစီရင်ခံစာအရ သိရသည်။

လာအိုနိုင်ငံတစ်လွှား ဆေးရုံများတွင် ကာကွယ်ဆေးရရှိရန် ကျန်းမာရေးအာဏာပိုင်များက အလေးထားဆောင်ရွက်လျက်ရှိသည်။ ကာကွယ်ဆေးထိုးပေးမှု ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်ရေး စာသင်ကျောင်းများ ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းထားသည်။ သားအိမ်ခေါင်းကင်ဆာကို ပြည်သူ့ကျန်းမာရေးပြဿနာအဖြစ်မှ အမြစ်ဖြတ်နိုင်ရန် မိဘများအနေဖြင့် မိမိတို့၏သမီးများကို ကာကွယ်ဆေးထိုးရာတွင် ပါဝင်ကြရန် လာအိုအာဏာပိုင်များက တိုက်တွန်းထားသည်။

**ဆင်ဟွာ**

## ယဉ်ကျေးမှုအမွေအနှစ်များနှင့် မန္တလေးမြို့တော်ကြီးကို ကာကွယ်ရန်၊ စစ်ဘေးမဖြစ်စေရန်အတွက် သံဃာတော်များနှင့် မျိုးချစ်ဒေသခံပြည်သူများက ဆန္ဒထုတ်ဖော်



**နေပြည်တော် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ယဉ်ကျေးမှုအမွေအနှစ်များနှင့် မြို့တော်ကြီးကို ကာကွယ်ရန်၊ စစ်ဘေးမဖြစ်စေရန်အတွက် ပြည်သူများ၏ ဆန္ဒထုတ်ဖော်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ၁၄ လမ်း၊ ၆၃ လမ်းနှင့် ၆၄ လမ်းကြား၊ မန္တလေးတောင်ခြေရှိ ခြသေ့ကြီးနှစ်ကောင်ရှေ့တွင် သံဃာတော်များနှင့် မျိုးချစ်ဒေသခံပြည်သူများစုပေါင်း၍ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဆန္ဒထုတ်ဖော်ပွဲသို့ မန္တလေးမြို့နှင့် အနီးပတ်ဝန်းကျင်များမှ သံဃာတော်များနှင့် မျိုးချစ်ဒေသခံပြည်သူများက မန္တလေးတောင်ခြေရှိ ခြသေ့ကြီးနှစ်ကောင်ရှေ့တွင် စုရပ်ပြုလုပ်၍ ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းသို့ စနစ်တကျ စီတန်းလှည့်လည် ချီတက်၍ ဆန္ဒထုတ်ဖော်ရာ လမ်းတစ်လျှောက်တွင် ယဉ်ကျေးမှုအမွေအနှစ်များတည်တံ့ဖို့ ဒို့မန္တလေးသားတွေ စောင့်ရှောက်စို့၊ မန္တလေးမြို့ကြီး မပျက်စီးဖို့ မန်းပြည်သူတွေ စည်းလုံးစို့၊ ရာဇဝင်ကောင်းတဲ့ ဒို့မန္တလေး ဒို့မျိုးဆက်အတွက် ဆက်ထိန်းပေး၊ အကြမ်းဖက်မှုများ တိုက်ခိုက်ဖို့ မန်းပြည်သူတွေညီကြစို့၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ စည်းလုံးညီညွတ်ရေး ဒို့အရေး၊ မန္တလေးမြို့ကြီး တည်ငြိမ်အေးချမ်းရေး ဒို့အရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး ဒို့အရေး၊ အကြမ်းဖက်မှုမှန်သမျှ ဆန့်ကျင်ကြ စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြင်းခြံ-နဘူးအိုင်လမ်းပိုင်းတွင် ဖြတ်သန်းသွားလာနေသည့်မော်တော်ယာဉ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဓားပြတိုက်နေကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် မြင်းခြံ - နဘူးအိုင်လမ်းပိုင်းတွင် ဖြတ်သန်းသွားလာနေသည့် မော်တော်ယာဉ်များအား ဩဂုတ် ၂၇ ရက်တွင် ဓားပြတိုက်လျက်ရှိပြီး ဓားပြတိုက်သူများမှာ ရဲတပ်ဖွဲ့၊ တပ်မတော်နှင့် ပျူစောထီးများဖြစ်ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ယခုလို ဥပဒေမဲ့လုပ်ရပ်မျိုး လုပ်ဆောင်ခြင်း မရှိကြောင်း၊ ယင်းကဲ့သို့ ဥပဒေမဲ့လုပ်ရပ်များအား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများက လုပ်ဆောင်လေ့ရှိကြောင်း၊ ပြည်သူလူထုအား အမြဲတစေထိခိုက်အောင် ကြံစည်ဆောင်ရွက် နေကြသူများသည် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့၏ လက်ဝေခံပြည်ဖျက်မီဒီယာများသာဖြစ်သည်ကိုလည်း အများပြည်သူများ အားလုံးအသိပင်ဖြစ်ကြောင်း ဒေသခံပြည်သူတစ်ဦးထံမှ သိရှိရသည်။ ယခုသတင်းသည် PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသခံတိုင်းရင်းသား ပြည်သူများအား လက်နက်အားကိုးဖြင့် ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိပြီး မပေးသူများအား အဓမ္မဖမ်းဆီးနှိပ်စက် သတ်ဖြတ်လျက်ရှိသည်ကို ဖုံးကွယ်ရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံဖန်တီးဝါဒဖြန့် ရေးသားခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## အာဆီယံနှင့်မိတ်ဖက်နိုင်ငံများ သက်တန်းအလိုက် စစ်တုရင်ပြိုင်ပွဲတွင် မြန်မာငွေတံဆိပ်ရရှိ

**ရန်ကုန် ဩဂုတ် ၂၉**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တော်၌ ဩဂုတ် ၂၁ ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိသည့် (၂၂)ကြိမ်မြောက် အာဆီယံနှင့်မိတ်ဖက်နိုင်ငံများ သက်တန်းအလိုက် စစ်တုရင်ပြိုင်ပွဲ(22nd ASEAN+ Age-Groups Chess Championships)ပြိုင်ပွဲတွင် ဩဂုတ် ၂၈ ရက်က မြန်မာမှ ငွေတံဆိပ်ဆုရရှိသည်။

အဆိုပါပြိုင်ပွဲ၌ မြန်မာလူငယ်ကစားသမားများသည် အမြန်ရွှေ့ပြိုင်ပွဲ၊ ပုံမှန်ပြိုင်ပွဲ၊ လျှပ်တစ်ပြက်ပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ရာ အမျိုးသမီးအသက် ၁၀ နှစ်အောက် ပြိုင်ပွဲတွင် နိုင်ငံကိုယ်စားပြုပြီး အကောင်းဆုံးယှဉ်ပြိုင်ခဲ့ကြသော မေမဟာ၊ ရွှေရည်ပိုးအိမ့်နှင့် ရှင်းနဒီအောင်တို့က ပုံမှန်စစ်တုရင် (Standard Chess) ပြိုင်ပွဲတွင် ငွေတံဆိပ်ရရှိခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အာဆီယံနိုင်ငံများ၊ တရုတ်၊ ဂျပန်၊ ဟောင်ကောင်၊ နယူးဇီလန်၊ အိန္ဒိယ၊ ရုရှား၊ အမေရိကန်နှင့် ကိုရီးယားနိုင်ငံတို့မှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **အာကာစိုး**

## အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲတွင် မြဝတီအသင်း ယူအေအီးကလပ်ကို ရှုံးနိမ့်

**ရန်ကုန် ဩဂုတ် ၂၉**

၂၀၂၄-၂၀၂၅ ရာသီ အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲ အုပ်စုဒုတိယနေ့ကို ဩဂုတ် ၂၈ ရက်က ဆက်လက်ကျင်းပရာ မြန်မာကလပ် မြဝတီအသင်းသည် ယူအေအီးကလပ် အဘူဒါဘီအသင်းကို တစ်ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြဝတီအသင်းသည် အုပ်စုပထမပွဲတွင် ဆော်ဒီအာရေဗျကလပ်အယ်လ်နာဆာအသင်းကို သုံးဂိုးပြတ်အရေးနိမ့်ထားသဖြင့် ယခုပွဲအနိုင်ရမှ ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်ရှိမည်ဖြစ်ရာ ကြိုးပမ်းခဲ့သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ အဘူဒါဘီအသင်းအတွက် အနိုင်ဂိုးကို ၈၇ မိနစ်တွင် အယ်လ်မာဇိုက သွင်းယူခဲ့သည်။ မြဝတီအသင်းသည် နှစ်ပွဲဆက်အရှုံးကြောင့် ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးသွားပြီဖြစ်သည်။

အုပ်စု (က) ဒုတိယနေ့ အခြားပွဲတွင် ဆော်ဒီအာရေဗျကလပ်အယ်လ်နာဆာအသင်းက လာအိုကလပ် Young Elephant အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ နှစ်ပွဲစီကစားအပြီးတွင် အုပ်စု (က) ၌ ဆော်ဒီအာရေဗျကလပ် အယ်လ်နာဆာအသင်းနှင့် ယူအေအီးကလပ် အဘူဒါဘီအသင်းတို့က ခြောက်မှတ်စီရရှိကာ ခြေစစ်ပွဲအောင်မြင်ရန် အပြိုင်ဖြစ်နေပြီး နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးသည့် မြန်မာကလပ် မြဝတီအသင်းနှင့် လာအိုကလပ် Young Elephant အသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးသွားပြီဖြစ်သည်။

မြဝတီ အသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် ဩဂုတ် ၃၁ ရက်တွင် လာအိုကလပ် Young Elephant အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ကိုညီလေး**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ - ကနှင့် ပုဒ်မ ၅၀၅ - က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Sithu Lin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မဇင်းရပ်ကွက်နေ စည်သူလင်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "aungkoaungko799" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဖောင်ဇင်းကျေးရွာနေ အောင်သက်ခိုင် နှင့် "Aungko2772" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စဉ့်ကိုင်မြို့နယ် ဖောင်ဇင်းကျေးရွာနေ ကျော်မင်းဦးတို့အား ညနေ ၅ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော်  ဩဂုတ်  ၂၉**
တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက်နှင့် ၂၇ ရက် တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၂၃ လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် 100% Polyester Woven Dyed Fabric မီတာ ၈၂၅၀၀ အပါအဝင် လုပ်ငန်းသုံးပစ္စည်း သုံးမျိုးနှင့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၉၀၃၃၃၅၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၆၈၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ် တစ်စီးနှင့် မန္တလေးမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၂ မျိုး၊ စားသောက်ကုန်ပစ္စည်း သုံးမျိုးနှင့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၉၃၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Zhong Tong Bus တစ်စီး၊ Scania Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၂၀၆၃၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ တောင်ကြီးမြို့မှ ကျောက်ဆည်မြို့သို့ မောင်းနှင်လာသောမော်တော်ယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုးနှင့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၈၇၅၀၀)နှင့် အဆိုပါပစ္စည်းများ




တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Doh Shwe Myan Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၈၇၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝေါမြို့နယ် စစ်တောင်းမြစ်ကျိုးလမ်း၊ မြစ်ကျိုးရွာအနီး၌ ဘားအံမြို့မှ တောင်ငူမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၈ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ အဏ္ဏဝါရပ်ကွက် ဆိပ်ကမ်းသာလမ်း ဓမ္မာရုံကူးတို့ဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ် ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၆၂၄၃၈၅၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် အမှတ်(၁၂)အစုန် လူစီးအမြန်ရထားပေါ်မှ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော်  ဩဂုတ်  ၂၉**
မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် အမှတ်(၁၂)အစုန် လူစီးအမြန် ရထားပေါ်မှ WY စာတန်းပါ စိတ်ကြွ မူးယစ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာလာသည့် အမှတ်(၁၂) အစုန် လူစီးအမြန်ရထားသည် ပျဉ်းမနားနှင့် ပြည်ဝင်ဘူတာအကြား ရောက်ရှိစဉ် ရထား၏ အထက်တန်းတွဲ(၁)၊ ခုံအမှတ် A-3, A-4 ၏ အပေါ်ဘက် ပစ္စည်းတင်စင်နှင့် ထိုင်ခုံ၏ ရှေ့တို့တွင် ကျောပိုးအိတ် နှစ်လုံးနှင့် မြွေရေခွံအိတ်များ ထည့်ထားသည့်ခြင်း နှစ်လုံးတို့ကို ပိုင်ရှင်မဲ့တွေ့ရှိရသဖြင့် မသင်္ကာ၍ ရထားလုံခြုံရေးရဲတပ်ဖွဲ့နှင့် မြန်မာ့မီးရထား တာဝန်ရှိသူများက စစ်ဆေးခဲ့ရာ WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြားများ ထည့်ထားသည့်



အမှတ်(၁၂)အစုန် လူစီးအမြန်ရထားပေါ်မှ ဖမ်းဆီးရမိ စိတ်ကြွမူးယစ်ဆေးဝါးများကို တွေ့ရစဉ်။

ပလတ်စတစ်အထုပ်ကြီး ၅၀ ကို တွေ့ရှိခဲ့ပြီး အထုပ်ကြီး တစ်ထုပ်အတွင်း၌ အထုပ်ငယ် ငါးထုပ်ပါရှိကာ အထုပ်ငယ် တစ်ထုပ်အတွင်း ဆေးပြား ၇၅၀၀ ခန့်ပါရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ WY စာတန်းပါ စိတ်ကြွ မူးယစ်ဆေးပြားစုစုပေါင်း ၄၆၁၉၄၅ ပြား၊ အလေးချိန် ၃၆ ဒသမ ၉၆ ကီလိုဂရမ်စုစုပေါင်း တန်ဖိုးငွေကျပ် သိန်းကိုးထောင် ကျော်ခန့်ဖြစ်ပြီး အမှတ်(၁၂)အစုန် လူစီးအမြန်ရထား၏ ထိုင်ခုံဧယာအား စိစစ်ရာ အဆိုပါ ခုံအမှတ်၊ A-3, A-4 တို့တွင် သာစည်-ရန်ကုန် ခရီးစဉ်အဖြစ် သန်းဇော်ဦး၊ နိုင်ငံသားစိစစ်ရေးအမှတ် ၈/စလန(နိုင်)၁၃၉၈၁၇ နှင့် စိုင်းသက်အောင်၊ နိုင်ငံသား စိစစ်ရေးအမှတ် ၁၃/တကန(နိုင်) ၃၂၁၆၉၆ တို့က ဝယ်ယူထားကြောင်း သိရှိရသဖြင့် ပိုင်ရှင်အား ဆက်လက် စုံစမ်းစစ်ဆေးလျက်ရှိပါကြောင်းနှင့် အမှုအမှတ်(ပ) ၂၀/၂၀၂၄၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ၁၉(က)၊ ၂၀(က)ဖြင့် ပျဉ်းမနားမြို့မရဲစခန်းတွင် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အရွယ်မရောက်သေးသည့် ကလေးသူငယ်ကို အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများခေါင်းပုံဖြတ် ရယူခဲ့သူများကို အလုပ်နှင့်ထောင်ဒဏ်ချမှတ်

**နေပြည်တော်  ဩဂုတ်  ၂၉**
အရွယ်မရောက်သေးသည့် ကလေး သူငယ်ကို အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများ ခေါင်းပုံဖြတ်ရယူ ခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်နေ ဒေါ်ရွှေဇင်ဝင်း(ခ) အိတီမနှင့် ၎င်း၏သမီးဖြစ်သူ မေသန္တာဝင်းတို့က ရွှေပြည်သာမြို့နယ်နေ မ----၊ ၁၂/၂၀၂၄ နှစ်အား နေ့စဉ်နံနက် ၅ နာရီမှ ည ၁၂ နာရီအထိ ရွှေဂုံတိုင် ကားမှတ်တိုင်အနီးတွင် ပန်းရောင်း ရန်ခိုင်းစေခဲ့ပြီး ပန်းရောင်းမကုန်သည့်နေ့များတွင် ရိုက်နှက်ခြင်းများပြုလုပ်၍ အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ဗဟန်းမြို့မရဲစခန်း (ပ)၃၉/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ-၃၅ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။

ကမာရွတ်ခရိုင် တရားရုံးမှ ဩဂုတ် ၂၇ ရက်တွင် တရားခံဒေါ်ရွှေဇင်ဝင်း(ခ)အိတီမနှင့် မေသန္တာဝင်းတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

* *ကျောဖုံးမှ*

EV လျှပ်စစ်ကားသစ်ကြီးများဖြင့် စတင်ပြေးဆွဲပေးခဲ့ပြီးနောက် ယခုအခါ ရာဇာမင်းခရီးသွားယာဉ်လိုင်းမှလည်း EV လျှပ်စစ်ခရီးတင်ယာဉ်သစ်ကြီးများဖြင့် ထပ်မံပြေးဆွဲပေးမည်ဖြစ်ကြောင်း အဆိုပါ ရာဇာမင်းခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းက ထုတ်ပြန်ထားသည်။

အဆိုပါယာဉ်လိုင်းသည် တရုတ်နိုင်ငံမှ တင်သွင်းလာသည့် Yutong အမျိုးအစား EV လျှပ်စစ်ခရီးသည်တင်ယာဉ်များကို စက်တင်ဘာလကုန်တွင် စတင်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လက်ရှိအချိန်၌ မှာယူထားသော EV လျှပ်စစ်ကားသစ်ကြီးများ တင်ဆောင်လာသည့်သင်္ဘောသည် တရုတ်နိုင်ငံ ဆိပ်ကမ်းမှ စတင်ထွက်ခွာလာပြီဖြစ်ကြောင်း သိရသည်။

**ယာဉ်လိုင်းနှစ်လိုင်းအထိ ရှိလာမည်**

ခရီးစဉ်အနေဖြင့် ရန်ကုန်-မန္တလေး၊ ရန်ကုန် - နေပြည်တော်ခရီးစဉ်များအတွက် ပြေးဆွဲသွားမည်ဖြစ်ပြီး ခရီးသည်များ ပိုမိုသက်သောင့်သက်သာရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်ပြေးဆွဲခြင်းဖြစ်ကြောင်း ရာဇာမင်းခရီးသည်ပို့ဆောင်ရေးက ထုတ်ပြန်ထားသည်။ ယခု EV လျှပ်စစ်ခရီးသွားယာဉ်လိုင်း ထပ်မံပြေးဆွဲပြေးမည်ဆိုပါက EV လျှပ်စစ်ပြည်တွင်း ခရီးစဉ်ဝန်ဆောင်မှု ယာဉ်လိုင်းနှစ်လိုင်းအထိ ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**TWA**

◆ *ကျောဖုံးမှ*

ရပ်တည်နိုင်ခဲ့သည်။ Dagon Port အသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် ဇယားထိပ်ပိုင်းမှအသင်းများနှင့် အမှတ်ပိုပြတ်သွားခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးများကို ၄၃၊ ၇၇ မိနစ်တွင် မင်းသန့်ဘိုက သွင်းယူပြီး Dagon Port အသင်းအတွက် ချေပဂိုးကို ၇၃ မိနစ်တွင် ဝိုင်းဝိုင်းချစ်က သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အတွက် နှစ်ဂိုးသွင်းယူခဲ့သည့် မင်းသန့်ဘိုက ရရှိသည်။

ပထမအကျော့အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၂၉ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး Junior Lions အသင်းက ၂၇ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၆ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၂၂ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၂၀၊ သစ္စာအားမာန်အသင်းက ၁၇ မှတ်၊ ရွှေဝတီယူနိုက်တက်အသင်းက ၁၆ မှတ်၊ Dagon Port အသင်းက ၁၃ မှတ်၊ ရတနာပုံအသင်းက ၁၂ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၁ မှတ်၊ မြဝတီ၊ ဟံသာဝတီယူနိုက်တက်နှင့် မဟာယူနိုက်တက်အသင်းတို့က ခြောက်မှတ်စီ ရရှိထားသည်။

**ရဲရင့်လွင်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ကွပ်ကဲမှုအောက်ရှိ ဌာနများ၏ လုပ်ငန်းပြီးစီးမှုများ ရှင်းလင်းပွဲတက်ရောက်

**ဟားခါး ဩဂုတ် ၂၉**

ချင်းပြည်နယ်အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ကွပ်ကဲမှုအောက်ရှိ ဌာနဆိုင်ရာများ၏ ပထမ သုံးလပတ်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ရှင်းလင်းတင်ပြခြင်းအစည်းအဝေးကို ဩဂုတ် ၂၈ ရက်က ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ကွပ်ကဲမှုအောက်ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် သယံဇာတရေးရာဝန်ကြီး ကွပ်ကဲမှုအောက်ရှိ ဌာနများအနေဖြင့် ပထမ သုံးလပတ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြရမည်ဖြစ်ပြီး ထိုသို့ ရှင်းလင်းတင်ပြရာတွင် မိမိတို့ဌာနကို အခြေခံ၍ တင်ပြရမည်ဖြစ်သကဲ့သို့ သတ်မှတ်ပုံစံအတိုင်း တင်ပြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတစ်ခု ဆောင်ရွက်ရာတွင် ထိရောက်မှုရှိသော လုပ်ငန်းဖြစ်ရေးသည် အဓိကဖြစ်ပါကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေ၊ အချိန်၊ ကြိုးပမ်းအားထုတ်မှု စသည်တို့ကို ရင်းနှီးမြှုပ်နှံထားသလောက် ထိရောက်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ထိရောက်မှု ရှိ၊ မရှိ သိရှိစေနိုင်မည့် သိလိုချက်များကို ကြိုတင်သတ်မှတ်ထားရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းက ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဌာနအောက်ရှိ ဌာနများ၏ ပထမသုံးလပတ်အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြပြီးနောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပြည်နယ်သစ်တောဦးစီးဌာန၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သတ္တုတွင်းဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနစသည့် ဦးစီးဌာနရုံးစိုက်ဌာနမှ ပြည်နယ်ဦးစီးမှူးများက ပထမ သုံးလပတ်အတွင်း မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် တင်ပြလိုသည့် အချက်များကို ပါဝါပွိုင့်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

အဆိုပါ ရှင်းလင်းတင်ပြချက်များအပေါ် သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချိုတို့က လိုအပ်ချက်များ ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# အမှုများကို ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေး ကြိုးပမ်းဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၉**

နေပြည်တော်ရှိ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် ၂၀၂၄ ခုနှစ် ဩဂုတ် ၁၉ ရက် မှ ၂၀ ရက် ထိ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပခဲ့သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် တရားရေးဦးစီးမှူးများ၏ (၂၇) ကြိမ်မြောက် လုပ်ငန်းအစည်းအဝေးတွင် မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ဩဂုတ် ၂၈ ရက်က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်က အမှုများကို ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန်၊ ကြီးလေးသည့် ပြစ်မှုကျူးလွန်သူများ အပေါ်ထိရောက်သည့် ပြစ်ဒဏ်များချမှတ်ကြရန်၊ စေ့စပ်ဖြေရှင်းရေးစနစ်သည် အချိန်တိုအတွင်း အမှုများပြီးပြတ်သည့်အတွက် တရားမမှုများ မှန်ကန်မြန်ဆန်စွာပြီးပြတ်ရေး အထောက်အကူဖြစ်သောကြောင့် တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်၊ သက်သေခံပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမဖြစ်ပေါ်စေရေး မြန်မြန်ဆန်ဆန်စစ်ဆေးဆုံးဖြတ်ကြရန်၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မှားယွင်းမှုများ၊ အားနည်းချက်များ မရှိစေရေး အဆင့်ဆင့်အလေးထား စိစစ်ဆောင်ရွက်ကြရန်၊ အလေးထားဆောင်ရွက်ရမည့် ကိစ္စရပ်များအပေါ် သေချာစွာ စိစစ်ဆောင်ရွက်ကြရန်၊ သေချာစွာစိစစ်မှုမပြုခြင်းကြောင့် ထိခိုက်နစ်နာမှုများမဖြစ်ပွားစေရန် ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းများ လိုက်နာစောင့်ထိန်းရမည့် ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်စည်းကမ်းများကို ကျေပွန်စွာ လိုက်နာစောင့်ထိန်းကြရန် စသည်ဖြင့် မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။





အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တိုင်းဒေသကြီး တရားရေးလွှတ်တော်၊ ခရိုင်/ မြို့နယ်တရားရုံးများမှ တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၁၃၆ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# နတ်တလင်းမြို့နယ်၌ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နတ်တလင်း ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီးနတ်တလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မြို့နယ်အတွင်း ကလေးငယ်များ သွေးလွန်တုပ်ကွေး ရောဂါမဖြစ်ပွားစေရန်အတွက် ယနေ့နံနက်ပိုင်းက ရွာမရပ်ကွက် ရွာမလမ်းသွယ်(၂)၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးအေးသန့်၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်/ ကျေးရွာအုပ်စုများအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ သောက်ရေ သုံးရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးအသိပညာပေး ပြောကြားခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **ဝေယံဖြိုး (ပြန်/ဆက်)**



# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃၁-၈-၂၀၂၄ ရက် (စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၆)၊ အမှတ်(၃၅) တွင် မောင်နှမအချင်းချင်း ချစ်ချစ်ခင်ခင်နေကာ မိခင်ကို ဒုက္ခပေးသည့်မြွေကို စိတ်ဆိုးဒေါသဖြစ်နေသော ဇီးကွက်လေးများ အကြောင်းကို ရေးဖွဲ့ထားသည့် "သတ္တိရှင် ဇီးကွက်လေးများ" မျက်နှာဖုံးဇာတ်လမ်း၊ မြန်မာ့ရိုးရာ ကစားနည်းတစ်မျိုးဖြစ်သည့် ဂျင်ပေါက်ကစားနည်းအကြောင်းကို ဗဟုသုတရဖွယ်ရေးဖွဲ့ထားသည့် "မြန်မာ့ရိုးရာ ဂျင်ပေါက်ကစားနည်း" သုတဆောင်းပါးကဏ္ဍ၊ ကလေးတို့ပေးပို့သော ပန်းချီလက်ရာများကို ထည့်သွင်းဖော်ပြထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ ယာခင်းများကို ဖျက်ဆီးနေသော ဝက်ကို တောဝက်ဟုထင်ကာ နှိမ်နင်းခဲ့သော ဖိုးချွန်းနှင့် ဝိတ်ပေါတို့နှစ်ဦး၏ အလွဲလွဲအမှားမှားလုပ်ဆောင်ချက်များကို ဟာသဖြစ်ဖွယ်ရေးဖွဲ့ထားသည့် "ဖိုးချွန်း၊ ဝိတ်ပေါနှင့် တောဝက်" နှစ်မျက်နှာကာတွန်း၊ လယ်သမားမိသားစု၏ ဖွဲ၊ လုံ့လ၊ ဝီရိယထားကာ ကြိုးစားလုပ်ကိုင်မှုကြောင့် စွန့်ပစ်ထားသော မြေကွက်ရိုင်းကြီးမှ ရွှေဝါရောင်မြေကွက်ကြီးဖြစ်လာပုံကို အတုယူဖွယ် ရေးဖွဲ့ထားသည့် "လယ်သမားကြီးနဲ့ ရွှေရောင်မြေကွက်" ပုံပြင်ကဏ္ဍ၊ မည်သည့်ကိစ္စ၌မဆို အကောင်းမြင်တတ်သော ကီးကီအကြောင်းကို ရေးဖွဲ့ထားသည့် "ကီးကီ၊ ဂျိုးဂျိုးနဲ့ တော်သေးတာပေါ့" တစ်မျက်နှာကာတွန်း၊ ပြဿနာတစ်ခုခုနှင့် ကြုံတွေ့လာပါက တစ်ဦးနှင့်တစ်ဦး ကူညီဖေးမကာ ဖြေရှင်းတတ်သော ဇော်တိုးတို့ သူငယ်ချင်းများအကြောင်းကို ရေးဖွဲ့ထားသည့် "ပလုံကောက်သော ကလေးများ" ဝတ္ထုကဏ္ဍ၊ ဆွဲကြိုးဖြတ်ပြေးသူကို အမိဖမ်းနိုင်ရန် လုပ်ဆောင်ခဲ့သော ဖြတ်ထိုးဉာဏ်ကောင်းသည့် ဖိုးကဲအကြောင်းကို ရေးဖွဲ့ထားသည့် "ဖိုးကဲ-သမ္မာအာဇီဝ" နှစ်မျက်နှာကာတွန်း၊ တစ်စုံတစ်ရာကိုတွေ့ရှိပါက မိမိ၏ထင်မြင်ယူဆချက်အတိုင်း မပြောဆို၊ မလုပ်ဆောင်ဘဲ လက်တွေ့လေ့လာပြီးမှသာ ပြောဆိုလုပ်ကိုင်




သင့်ကြောင်း အတုယူဖွယ်ရေးဖွဲ့ထားသည့် "အထင်အမြင် မစောသင့်ပါ" နှစ်မျက်နှာကာတွန်း၊ အင်္ဂလိပ်စာကို ရေးသားပြောဆိုရာ၌ အသုံးပြုလေ့ရှိသည့် Idioms အသုံးအချို့ကို နမူနာဝါကျများဖြင့် ရေးသားထားသည့် "Useful Everyday Idioms" အင်္ဂလိပ်စာကဏ္ဍ၊ ဆေးရောင်လှလှခြယ်ကြမယ်ကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ



**ရန်ကုန် ဩဂုတ် ၂၉**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဗဟိုအလုပ်အမှုဆောင် အဖွဲ့အစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း၊ အမှတ်(၂၂၈) ရှိ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ စာအုပ်လှူဒါန်းပွဲတွင် ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးညွန့်ဆွေက နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ပြည်သူများ အသိဉာဏ်ပညာ ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးရွာနှင့် ရပ်ကွက်များတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်ထောင်၍ စာပေများ ဖတ်ရှုနိုင်ရန် စာအုပ်စာစောင်များဖြန့်ဝေ ပေးပို့လျက်ရှိကြောင်း၊ ဖောင်ဒေးရှင်းအနေဖြင့် စာအုပ်များ ဝယ်ယူ ထောက်ပံ့ပေးသကဲ့သို့ အလှူရှင်များ လှူဒါန်းသည့်စာအုပ်များကိုလည်း ပေးပို့လှူဒါန်းပေးပါကြောင်း၊ စာကြည့်တိုက်များ၏ အသက်မှာ စာအုပ်များဖြစ်ပါကြောင်း၊ စာအုပ်များရှိမှသာ စာဖတ်ရှုသူများ ဖတ်ရှုလေ့လာနိုင်မည်ဖြစ်ပါကြောင်း၊ အလှူရှင်များ တိုးပွားလာသည်နှင့်အမျှ စာအုပ်များကို များများလှူနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာအုပ်အလှူရှင်များ တိုးပွားရေးအတွက် စည်းရုံးပေးကြရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင်များက စာအုပ်များ လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းပြောကြားပြီး စာအုပ်များပေးအပ်လှူဒါန်းရာ စာရေးဆရာ တိမ်ဦး ရေးသားသည့် နိုင်ငံတကာသုံး ကြယ်များ ရွေးချယ်ဖတ်ရှုနည်း စာအုပ် ၁၅၀၊ တန်ဖိုးငွေကျပ် ၄၅၀၀၀၀၊ ဦးနန်းအောင်လှိုင်နှင့် ဒေါ်သီရိစံ တို့က ဝိဇ္ဇာနတ်လမ်းမှော်ဘုံကျမ်း စာအုပ် ၅၀၊ တန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၊ ဦးဝင်းညွှန့်လွင်က သုတ/ရသ စာအုပ် ကိုးမျိုး စာအုပ် ၂၆၁၉ အုပ်၊ တန်ဖိုးငွေကျပ် ၈၈၀၀၅၀၀ ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌဦးညွန့်ဆွေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (ဓါတ်ပုံ)

ယနေ့လှူဒါန်းမှုတွင် စာအုပ်ပေါင်း ၂၈၁၉ အုပ်၊ တန်ဖိုးကျပ် ၁၀၅၀၁၁၅၀ ဖြစ်ပြီး ဒုတိယပိုင်း အစီအစဉ်ဖြင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေး ပြုလုပ်ရာ ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သာယာဝတီမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်ဖွင့်ပွဲ ကျင်းပ

**သာယာဝတီ ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ အမှတ်(၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ (သာယာဝတီ)မှ မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ် ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို သာယာဝတီမြို့ ရန်ကုန်-ပြည် ကားလမ်းဘေး ခရိုင် အားကစားကွင်းလမ်းဆုံ မိုင်တိုင်အမှတ်-၇၈/၆ နှင့် ၇၈/၇ ကြား၌ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဉာဏ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အောက်ဓါတ်ပုံ)**



အမှတ်(၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့(သာယာဝတီ)အနေဖြင့် လူကုန်ကူးခံရခြင်းနှင့် ပတ်သက်သည့် ဆိုးကျိုးများ၊ လူကုန်ကူးမခံရအောင် သတိပြုရှောင်ရှားရမည့် အချက်များ၊ လူကုန်ကူးခံရခြင်းကြောင့် ဖြစ်ပေါ်လာသောစိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေများကို သာယာဝတီမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များတွင် အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# ယူအက်စ်အိုးပင်းပြိုင်ပွဲ ဒုတိယအဆင့်တွင် ပြိုင်ဘက်ကို အနိုင်ယူပြီး နာမည်ကြီး တင်းနစ်မယ် စဘယ်လင်ကာ နောက်တစ်ဆင့်တက်လှမ်း



ဘယ်လာရုစ်တင်းနစ်မယ် အရှိန်နာ စဘယ်လင်ကာသည် ယူအက်စ်အိုးပင်းပြိုင်ပွဲ ဒုတိယအဆင့်တွင် အီတလီတင်းနစ်မယ် လူစီယာဘရွန်ဇက်တီကို အနိုင်ယူပြီး တတိယအဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း သိရသည်။ ယင်းပွဲစဉ်တွင် စဘယ်လင်ကာသည် ပြိုင်ဘက်ကို ၆-၃၊ ၆-၁ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ယမန်နှစ် ယူအက်စ်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ပြီး နိုင်ခြေအဆင့် ၂ သတ်မှတ်ခံထားရသော စဘယ်လင်ကာသည် ပြိုင်ဘက်တင်းနစ်မယ် ဘရွန်ဇက်တီကို အနိုင်ယူရန် အချိန် ၆၁ မိနစ်ကြာ ယှဉ်ပြိုင်ကစားခဲ့ရကြောင်း သိရသည်။ စဘယ်လင်ကာသည် ယူအက်စ်အိုးပင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် အမေရိကန်တင်းနစ်မယ် ကိုကိုဂေါ့ဖ်နှင့် တွေ့ဆုံခဲ့ပြီး ၆-၂၊ ၃-၆၊ ၂-၆ ရလဒ်ဖြင့် ရှုံးနိမ့်ကာ ဖလားဆွတ်ခူးခွင့် လွဲချော်ထားသူဖြစ်သည်။

စဘယ်လင်ကာသည် ယူအက်စ်အိုးပင်းပြိုင်ပွဲ ပထမအဆင့်တွင် ဩစတြေးလျတင်းနစ်မယ် ဟွန်းနှင့် တွေ့ဆုံခဲ့ပြီး ၆-၃၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိထားသည်။ ၎င်းသည် ယူအက်စ်အိုးပင်းပြိုင်ပွဲ တတိယအဆင့်တွင် ရုရှားတင်းနစ်မယ် အဲလက်ဇန်ဒရိုဗာနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

စဘယ်လင်ကာနှင့်အတူ နာမည်ကြီး တင်းနစ်မယ်များ ဖြစ်သည့် ဗစ်တိုးရီးယား အဇာရင်ကာ၊ ဇီကစ်၊ လက်ရှိချန်ပီယံ ကိုကိုဂေါ့ဖ်တို့ နိုင်ပွဲရယူပြီး ယူအက်စ်အိုးပင်းပြိုင်ပွဲ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူ

**နေပြည်တော် ဩဂုတ် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆) ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်၊ စတုတ္ထအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂-၉-၂၀၂၄ ရက်မှ ၁၁-၁၀-၂၀၂၄ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှောင်မြို့၊
  ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့ရုံး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးမှ စေတီတော်ကြီး၏ သမိုင်းဆိုင်ရာအချက်အလက်များနှင့် ဘုရားဖူးလမ်းညွှန်လုပ်ငန်း (Botahtaung Pagoda Digital Directory) ဆောင်ရွက်နိုင်ရန် (Fiber Network Infrastructure)အတွက် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသောကြောင့် လုပ်ငန်းဆောင်ရွက်လိုသော ကုမ္ပဏီများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည် –

(က) **တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** – ၃၁-၈-၂၀၂၄ရက်(စနေနေ့)

(ခ) **တင်ဒါလျှောက်လွှာပုံစံများ နောက်ဆုံးတင်သွင်းရမည့်ရက်** – ၁၄-၉-၂၀၂၄ရက်(စနေနေ့) ညနေ (၄:၃၀)နာရီ

(ဂ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေ့** – ၁၆-၉-၂၀၂၄ရက်(တနင်္လာနေ့) နံနက် (၁၀:၀၀)နာရီ

(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** – ရင်ပြင်တော်ရာဟုထောင့် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်

၂။ တင်ဒါတင်သွင်းခြင်းနှင့် တင်ဒါစည်းကမ်းများ အသေးစိတ်သိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
ဖုန်း – ၀၁-၈၂၀၂၀၈၆၊ ၀၁-၈၂၉၂၁၆၄

## အမည်မှန်

မူဆယ်မြို့၊ အထက(၁) Grade-9မှ မချိန်ချန်းရီ၏အမည်မှန်မှာ မချိန်ချမ်းယင်ဖြစ်ပြီး (ဘ) ဦးချိန်ဂျုံးဆုံ၏ အမည်မှန်မှာ ဦးချိန်ဂျုံးစူ ၁၃/မဆတ(ပြု)၀၀၀၅၆၀ နှင့် (မိ) ဒေါ်ဖုန်းမြင့်ဟွေ၏ အမည်မှန်မှာ ဒေါ်ဖုံမြင့်ဟွေ ၁၃/မကတ(ပြု)၀၀၀၁၄၃ လဝက ပုံစံ ၆၆ နှင့် မွေးစာရင်းအရ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒေးဒရဲမြို့၊ အထက(၂) Grade-10မှ မောင်မြင့်မြတ်ကျော်၏ ဖခင် ဦးကျော်မြသူနှင့် ဦးကျော်မြတ်သူ ၁၂/တတန(နိုင်)၁၅၆၃၈၇ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးကျော်မြသူနှင့်**
**ဦးကျော်မြတ်သူ**

## ပြင်ဆင်ဖတ်ရှုပါရန်

၈-၈-၂၀၂၄ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၁) ကညန၊ ခရိုင်ရုံး (တောင်ငူ) ယာဉ်မှတ်ပုံတင်စာ အုပ်မိတ္တူလျှောက်ထားခြင်းကြော်ငြာတွင် ယာဉ်အမှတ် 82W/4420 အစား 82W/44201 ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## မွေးသက္ကရာဇ်အမှန်

ဖြူးမြို့၊ အထက(၃) G-7မှ ဦးလင်းလင်းအောင် ၇/ရတရ(နိုင်) ၀၇၇၇၈၁ ၏သားဖြစ်သူ မောင်ဘုန်းဟိန်းခန့်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၇-၁-၂၀၁၁ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်ုပ်မ မခြူးမီမီဇင် ၁၄/ရသယ(နိုင်)၀၁၂၁၄၇၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၈၁၃၄၇၆၉

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူနှင့်ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၇၂ယ/၇၄၀၀၃, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltd က (ကမ-၃)မိတ္တူနှင့် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး(မကွေး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ် တတ-၄၉၊ ဦးပိုင်အမှတ် ၄-က၊ ၅၆x၅၇ ကြား၊ အောင်ဇေယျနှင့် ဘုရင့်နောင်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ညွန့်ညွန့်ရွှေ ၁၃/လလန(နိုင်)၀၄၁၉၆၅ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည) ရပ်ကွက်၊ အကွက်အမှတ် လလ-၂၃၊ ဦးပိုင်အမှတ် ၃၅-စ/၆၅x၆၆ ကြား၊ ရွှေလုံဗိုလ်xရေဆိုးပစ်မြောင်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လှိုင်ယသော်နွယ် ၉/ခအဇ(နိုင်)၀၂၅၃၆၇က ဂရန်စာချုပ်တင်ပြ၍မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ Grade-12မှ ဦးကျော်စွာမိုး၏သမီး မနှင်းနုနုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးမိုး ၁၀/သဖရ(နိုင်)၁၂၀၀၄၇ ဖြစ်ပါကြောင်း။

**ဦးကျော်စိုးမိုး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက(သဖန်း) G-12 တွင် ပညာသင်ကြားနေသော မသီတာဝင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်ရွှေ ၉/မထလ(နိုင်) ၀၂၆၄၉၃ ဖြစ်ပါကြောင်း။

**ဦးမြင့်ရွှေ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက (သဖန်း) G-12 မှ မအိမေနှင့် G2 မှ မောင်ကောင်းထက်မြတ်တို့၏ ဖခင်အမည်မှန်မှာ ဦးလွင် ၉/ဝတန(နိုင်) ၁၄၀၁၅၆ ဖြစ်ပါကြောင်း။

**ဦးလွင်**

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ အထက (သဖန်း) G-12 တွင် ပညာသင်ကြားနေသော မောင်ချစ်နိုး၏ မိဘအမည်မှန်မှာ ဦးမောင်ညွန့် ၉/မထလ(နိုင်)၂၂၃၀၃၄ နှင့် ဒေါ်မြရွှေ ၉/မထလ(နိုင်) ၁၈၄၀၅၅ ဖြစ်ပါ ကြောင်း။

**ဦးမောင်ညွန့်၊ ဒေါ်မြရွှေ**

## ပြောင်းလဲခေါ်ပါရန်

ဖျာပုံမြို့၊ TTA ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ ဦးလန်သဲ(ခ)ဦးလှရွှေ၏ သမီး မစုစုရွှေအား မစုပုံရွှေ ၁၄/ဖပန(ပြု)၀၀၀၄၉၄ ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ ခေမာလမ်း၊ အမှတ်(၄၆)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ၊ (၆) ထပ်တိုက်အဆောက်အအုံ၏ (မြေညီ၊ ခေါင်းရင်းခန်း)၊အကျယ်အဝန်း (၁၈ပေ x ၄၅ ပေ)ရှိ ရေ၊ မီးစုံတိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးစီဝမ်း ၅/ရဘန(နိုင်)၁၂၆၇၃၀ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇော်မျိုးထက် ၈/မထန(နိုင်)၀၉၈၈၉၉က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်မျိုးထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်သင်းသင်းခိုင် | ဒေါ်သီတာစန်းလွင်(ခ)သီတာစန်း |
| (LL.B,D.B.L,D.M.L) | (LL.B,D.B.L) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၆၇) | အထက်တန်းရှေ့နေ(စဉ်-၅၁၇၆၉) |

အမှတ်(၄၊ မြေညီ) သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၀၄၀၁၄၉၊ ၀၉-၄၃၀၄၃၂၀၅

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်(၇)လမ်း၊ အမှတ်(၁၄)ဟုခေါ် တွင်သော (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်၏ ၅-လွှာ၊ ဒါဘာ(အပေါ်ဆုံးထပ်)၊ (တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း(၁၂ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်ခင်ခင်စန်း (၁၂/သဃက(နိုင်)၀၈၇၂၉၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးအောင်သောင်းဦး (၁၂/ဗတထ(နိုင်)၀၀၀၁၅၅)က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်း အဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဖျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်းအမှတ်(၃၅/၁)၊ ဦးပိုင်အမှတ်(၉၆)၊ မြေချိန်ဧရိယာ(၀ဒသမ၁၀၇)ကေရှိ မြေကွက်သည် မူလက ဦးမောင်မောင်(ခ)ရမ်ဒါးရ်၏ အမည်ဖြင့် (၂၇-၄-၂၀၂၄)ရက်အထိ (၁၀) နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးမောင်မောင်(ခ)ရမ်ဒါးရ်က (၁၉-၆-၂၀၂၄ )ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၂၁/၂၀၂၄)အရ အဆိုပါမြေကွက် အား ဦးအဂျိုင်း(ခ)ခင်မောင်မြင့် ၁/မကန(ဧည့်)၀၀၀၇၂၄၊ Daw ANI THA(ခ) နီလာ ၁၀/မလမ(ပြု) ၀၀၀၅၃၆၊ ဦးဇော်လင်းထွန်း ၁/မကန(နိုင်) ၂၅၆၂၁၄၊ဦး မင်းသီဟထွန်း ၁/မကန(နိုင်)၂၅၆၂၁၆၊ ဦးအောင်မျိုးထွန်း ၁/မကန(နိုင်)၂၅၆၂၁၅ (၅)ဦးထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးအဂျိုင်း(ခ)ခင်မောင်မြင့်ပါ(၅)ဦးအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအားလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိ စေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဝန်ဆောင်မှုလုပ်ငန်းအမည်၊ ကိုယ်ပိုင်အမှတ်အသားတို့နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ (E-4 + E-5)နေ ဒေါ်ဝင်းဝင်းမေ၉/မရမ(နိုင်)၀၇၈ ၁၀၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာပါသည်-

ဒေါ်ဝင်းဝင်းမေသည် မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် ပူးတွဲဖော်ပြပါရှိသည့် ဝန်ဆောင်မှုလုပ်ငန်းအမည်၊ ကိုယ်ပိုင်အမှတ်အသားတို့အား တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း မှတ်ပုံတင်ကြေညာစာတမ်းစာချုပ်၊ စာချုပ်အမှတ် (၇၆၃/၂၀၁၈)နှင့် (၂၇၄၃/၂၀၂၄)တို့ကို ပြုလုပ်ချုပ်ဆိုပြီး ပညာရေးဝန်ဆောင်မှု(ကိုယ်ပိုင်အထက်တန်းကျောင်း) ကို မန္တလေးမြို့၌ အခြေစိုက်တည်ထောင်၍ နေ့တက်ကျောင်းသူ၊ ကျောင်းသားများ၊ အဆောင်နေကျောင်းသူ၊ ကျောင်းသားများအား ပညာသင်ကြားပေးခြင်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းကို ၁၉၉၁ ခုနှစ်မှ စတင်တည်ထောင်ကာ ပညာရပ်နယ်ပယ် အသီးသီး၌ ထူးချွန်ထက်မြက်သော ပညာရှင်မြောက်မြားစွာမွေးထုတ်ပြုစုပျိုးထောင်ခဲ့ပြီးဖြစ်ပါသည်။ မိဘအရင်းကဲ့သို့ အစစအရာရာ စောင့်ရှောက်၍ ပညာရေးဝန်ဆောင်မှုပေးခဲ့သည်ကို ပြည်ထောင်စုမြန်မာနိုင်ငံတဝန်းလုံးရှိ မိဘများက ကောင်းသတင်းဂုဏ်ဖြင့် အသိအမှတ်ပြုခြင်းခံခဲ့ရသော ကိုယ်ပိုင်အထက်တန်းကျောင်းဖြစ်ပါသည်။

VICTORY EDUCATION CENTRE VEC ပညာ့ရိပ်သာကိုယ်ပိုင်အထက်တန်းကျောင်းကို စတင်တည်ထောင်သည့်မှ ယခုအထိ ဒေါ်ဝင်းဝင်းမေ တစ်ဦးတည်းက တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့မှလွဲ၍ မည်သည့်မြို့ တစ်စုံတစ်ရာတွင်မျှ ကျောင်းခွဲတည်ထောင်ထားခြင်းမရှိပါ။ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ အဆိုပါဝန်ဆောင်မှု လုပ်ငန်းအမည် ကိုယ်ပိုင်အမှတ်အသားတို့ကို အသုံးပြု၍ လုပ်ငန်းခွဲလုပ်ငန်းတည်ထောင်ဖွင့်လှစ်ခွင့်လည်းပြုထားခြင်းမရှိပါ။ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့မှလွဲ၍ အခြားမည်သည့်မြို့၌မဆို VICTORY EDUCATION CENTRE VEC ပညာ့ရိပ်သာကိုယ်ပိုင်အထက်တန်းကျောင်းအမည်ဖြင့် ဖွင့်လှစ်ထားခြင်း တစ်စုံတစ်ရာရှိပါက ဆရာမကြီး ဒေါ်ဝင်းဝင်းမေနှင့် မည်သို့မျှ ပတ်သက်ခြင်းမရှိကြောင်း အတိအလင်းသိစေအပ်ပါသည်။

ယခု လူမှုကွန်ရက်စာမျက်နှာ (Facebook)ပေါ်တွင် အချို့ပုဂ္ဂိုလ်များက VICTORY EDUCATION CENTRE အတိုကောက်အားဖြင့် VEC အမည်ကို အတိအလင်းတုပ၍ ပညာရေးဝန်ဆောင်မှုလုပ်ငန်းအတွက်ဟုဆိုကာ အစုရှယ်ယာများခေါ်ယူနေသည်ကို လေ့လာတွေ့ရှိရပါသည်။

ယခုကဲ့သို့ ကောင်းသတင်းဂုဏ်ဖြင့် နှစ်ပေါင်းများစွာကျော်ကြားခဲ့သော VICTORY EDUCATION CENTRE (VEC) အမည်အား တရားမဝင်သုံးစွဲနေခြင်းအား အမြန်ဆုံးရပ်တန့်ပါရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိထိ ရောက်ရောက် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဝင်းဝင်းမေ** | **ဦးခင်မောင်ဦး LL.B(Q), B.Sc, H.G.P** |
| **၉/မရမ(နိုင်) ၀၇၈၁၀၄** | **Diploma in Business Law, Diploma in International Law,** |
| | **အထက်တန်းရှေ့နေ(စဉ်-၁၇၄၇၂)** |
| | **(ခ-၂/၈၁)၊ (၆၆-A)နှင့်(၄၀-B)လမ်းထောင့်၊ မဟာမြိုင်(၁)ရပ်ကွက်၊** |
| | **မန္တလေးမြို့၊ ဖုန်း-၀၉-၄၀၂၅၂၁၇၅၄** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ လင်းပင်လမ်း၊ မြေကွက်အမှတ် (၁၄၁)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဦးစိုးမွန်အောင် (၁၂/ဗဟန (နိုင်) ၀၉၂၉၈၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၁၄၀)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမောင်မောင်စိုး (၁၃/တကန (နိုင်) ၀၁၅၅၃၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အပိုင်း (၁၂)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် -၂၇၊ အကျယ်အဝန်းပေ (၂၀x၇၅)ရှိ အိမ်နှင့် ခြံမြေကွက်ကို ဒေါ်ခင်သန်းမြင့် (၁၂/မဂဒ(နိုင်)၁၄၃၇၅၃)မှ တရားဝင်လက်ရှိပိုင်ဆိုင်၍ စီမံခန့်ခွဲ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုရောင်းချရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိအိထွန်း (၁၀/သဖရ (နိုင်)၀၅၂၇၆၅) သည် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်နှင့်ခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အိမ်နှင့်ခြံမြေကွက် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာမောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၃၃/၁၅-၁၂-၂၀၁၆)**
**အမှတ် (၁၈၆)၊ ချယ်ရီလမ်း၊ ဉာဏရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၈၀၀၃၁၆၀**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အင်္ဂပူမြို့နယ်၊ အမကထန်းပင်ကန် ကျောင်းမှ မူလတန်းပြဆရာမ ဒေါ်လဲ့လဲ့ဝင်း၏ ဖခင်မှာ ဦးစိုး ၁၄/အဂပ(နိုင်) ၀၃၆၂၀၄ နှင့် ဦးမောင်စိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစိုး(ခ)ဦးမောင်စိုး**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဟသ်္သာတမြို့နယ်၊ သက္ကယ်ပြင်အုပ်စု၊ ပေါ်သစ်ကျေးရွာနေ (ဘ) ဦးအောင်ရွှေ၏သမီး မအေးအေးအောင်၏ အမည်မှန်မှာ မအင်ကြင်းဖြူး ၁၄/ဟသတ(နိုင်)၃၈၇၇၂၉ ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၉-၄-၂၀၀၆ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ဟသ်္သာတမြို့နယ်၊ ကနောင်စုရပ်ကွက်၊ ရန်ရှင်း(၇) ဖြတ်လမ်းနေ မအေးအေးခိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၂-၁၉၆၅ ဖြစ်ပြီး ဖခင် ဦးကျော်ထွန်း ၁၄/ဟသတ(နိုင်)၀၀၉၇၆၄ နှင့် ဦးကြည်ရာသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ အကွက်အမှတ်-၉၈၁၊ ကွင်းအမည်- ပဒဲကောတောင်၊ ဦးပိုင်အမှတ်(၂၇)၊ မြေအမျိုးအစား-ဥယျာဉ်ခြံမြေ၊ ဧရိယာ (၀.၅၄)ကေရှိမြေကွက်နှင့် ယင်းမြေကွက်နှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ရှိထား အမည်ပေါက် ပိုင်ဆိုင်လျက်ရှိသူ ဦးလှအေး (၁၂/လကန(နိုင်) ၁၀၅၇၀၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်လတ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၀၃၈)**
**အမှတ်-၃၆၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉-၂၅၄၁၁၇၈၅၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18W/85827, Yinxiang 125 ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်ဟိန်းကျော် ၉/အမဇ(နိုင်) ၀၁၈၃၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် – ၅ ၊ နည်းဥပဒေ –၂၀)
## ပဲခူးခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၇၀

ဦးပေါ်ကြည်(ခ)ဦးချဲကရှူး **နှင့်** ၁။ ဒေါ်ရီလာရီ
၂။ ဒေါ်ဆားဒါးမား
၃။ ဒေါ်သဲမသီး
၄။ ဒေါ်စန်းသီး
၅။ ကိုမျိုးမင်းအောင်
၆။ ကိုကျော်ထိုက်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ တာ၁၀ မြို့ပြကွက်သစ်နေ ၅။ တရားပြိုင် ကိုမျိုးမင်းအောင် ၆။ တရားပြိုင် ကိုကျော်ထိုက် (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ ဦးပေါ်ကြည်(ခ)ဦးချဲကရှူးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၉)ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းဝေဇင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ပဲခူးခရိုင်တရားရုံး**

## အမည်မှန်

ဦးရဲထက်စိုး (၁၃/ကတန (နိုင်) ၁၄၅၂၆၄)၏သမီး နေပြည်တော်၊ အထက (၂၂)၊ အခြေခံပညာအထက်တန်းကျောင်း Grade-10(A)တွင် ပညာသင်ကြားနေသော မဆုမွန်ကျော်၏ အမည်မှန်မှာ မစုမွန်ကျော် ဖြစ်ပါကြောင်း။

**မစုမွန်ကျော်**

## အမည်ပြောင်း

တောင်ကြီးမြို့၊ လေ့ကျင့်ရေးအလယ်တန်းကျောင်း Grade-1 မှ မောင်ရှိုင်းဘုန်းခန့်အား ယနေ့မှစ၍ မောင်ရှိုင်းဘုန်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ရှိုင်းဘုန်းမြတ်**

## တစ်ဦးတည်းဖြစ်ကြောင်း

ပေါင်မြို့နယ်၊ အထက မုတ္တမ Grade-8မှ မမီမီဇင်မိုး၏မိခင် ဒေါ်ခိုင်ဦးနှင့် မဟာဇရာဘီမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်ခိုင်ဦး(ခ)မဟာဇရာဘီ**

## တစ်ဦးတည်းဖြစ်ကြောင်း

ပေါင်မြို့နယ်၊ အထက မုတ္တမ Grade-6မှ မမေဇင်အောင်၏ဖခင် ဦးမောင်အေးမာမာမက်နှင့် ဦးမာမက်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်အေးမာမာမက် (ခ)**
**ဦးမာမက်**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ အလင်းရောင် (၂)၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်ရီရီဝင်း ၇/ပခန(နိုင်)၀၃၅၂၄၃၏သား မောင်သူရဇော် ၇/ပခန(နိုင်)၄၄၄၉၇၆သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိဘခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များ ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နှင့် နောက်နောင် မောင်သူရဇော်နှင့် ပတ်သက်သည့် မည်သည့် ကိစ္စမှန်သမျှ လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ရီရီဝင်း ၇/ပခန(နိုင်)၀၃၅၂၄၃**
**ဗိုလ်ချုပ်လမ်း၊ အလင်းရောင်(၂)လမ်း၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၇/သာဇီအရှေ့၊ ဦးပိုင်အမှတ်(၁၀ဆ)၊ရေိယာ(၀ဒသမ၀၇၆)ကေရှိ ဘိုးဘပိုင်မြေကွက်အား အမည်ပေါက် ဒေါ်ဝိုင်းတင် ၉/ပမန(နိုင်) ၀၄၇၃၀၃မှ ဘိုးဘပိုင်မြေကွက်အမည်ပေါက် ပြောင်းလဲခြင်းအမိန့်၊ အမွေဆက်ခံမှတ်ပုံတင်စာချုပ်အမှတ်(၁၃၁/၂၀၂၃)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်း များတင်ပြပြီး ဒေါ်ကေဇင်ဝင်း ၉/ညဥန(နိုင်) ၁၇၅၂၂၄နှင့် ဦးပိုင်ခွဲစိတ်၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့် ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ တိလောကရုံရပ်ကွက်၊ အဝေရာ(၂)လမ်းတွင် နေထိုင်သူ ဦးအောင်မြတ်သူထွန်း(ဘ)ဦးထွန်းတင်(၁၂/မဂဒ(နိုင်)၀၂၅၂၄၀)သည် အခွင့်ရဆက်သွယ်သူဆန္ဒဘုန်းပြည့် မိသားစုကုမ္ပဏီလီမိတက်၏ အာမခံထောက်ခံချက်ဖြင့်မော်တော်ယာဉ်(5M/6802)အား (၇-၉-၂၀၁၇)ရက်တွင် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်(ပျဉ်းမနားဘဏ်ခွဲ)မှ အငှားဝယ်ချေးငွေစနစ်ဖြင့် ဝယ်ယူခဲ့ပါသည်။

ဦးအောင်မြတ်သူထွန်းမှ ဘဏ်သို့ပေးဆပ်ရန်ကျန်ရှိသည့် အရစ်ကျငွေများနှင့် နောက်ကျကြေးများအား မော်တော်ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်လင်း (၉/လဝန(နိုင်)၁၅၃၈၁၀) မှ အပြေအကြေပေးသွင်းပြီးနောက် ဘဏ်၌တင်သွင်း ထားရှိသည့် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နှင့် ယာဉ်ပိုင်ဆိုင်မှုစာရွက်စာတမ်းများအား ထုတ်ယူခွင့်ပြုပါရန် လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ တင်ပြလျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း ဘဏ်သို့ကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်**
**(ပျဉ်းမနားဘဏ်ခွဲ)**
**အမှတ်(၁၈)၊ ရုံးလမ်း၊ ရန်အောင်တောင်ရပ်ကွက် မင်္ဂလာရှမ်းကန်အနီး၊ ပျဉ်းမနားမြို့နယ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/20061 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5W/79795 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

## ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ (၂၂)ရပ်ကွက်၊ မင်းကြီးညို၊ ရေခဲ(၄)လမ်း၊ အကွက်အမှတ်-(၂၂/မင်းကြီးညို)၊ ဦးပိုင်အမှတ်-(၂၁၉)၊ မြေချိန်ရေိယာ (၀. ၂၇)ဧက၊ အလျား-(၄၀)ပေ၊ အနံ-(၆၀)ပေ၊ နှစ်ထပ်တိုက်၊ အမည်ပေါက်ပိုင်ရှင်-ဒေါ်ကြည်၊ အိမ်ရှေ့ ဆိုင်ခန်းတစ်လုံးပါ ပျဉ်ခင်း၊ အုတ်ကာ၊ သွပ်မိုး၊ (၃x၄)ပင် အိမ်တစ်လုံးအပါအဝင် ရေမီး အစုံအိမ်ခြံမြေအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါနေအိမ်ခြံမြေ၊ ဆိုင်ခန်းနှင့်တကွ ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်စန်း (ဘ)ဦးထွန်း ၇/တငန(နိုင်)၀၅၈၀၀၅၊ (၂၂)ရပ်ကွက်၊ မင်းကြီးညို၊ ရေခဲ(၄)လမ်း၊ တောင်ငူမြို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုမြတ်လေးခင်(ဘ)ဦးလှဌေး ၇/ကကန(နိုင်)၀၆၂၁၃၄၊ အလယ်ခင်ရွာ၊ ပဲနွယ်ကုန်းမြို့ နေထိုင်သူသည် အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၃-၈-၂၀၂၄)ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မမဝင်း(LL.B) အထက်တန်းရှေ့နေ (စဥ်-၄၈၉၅၇)**
**ရှမ်းစုကြီးကျေးရွာ၊ ပွတ်စု၊ တောင်ငူမြို့၊ ဖုန်း – ၀၉-၇၈၇၂၄၃၄၇၇**

## အများသိစေရန် အသိပေး ကြေညာခြင်း

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၅-မရမ်းကုန်း)၊ ဦးပိုင်အမှတ်(၇/ဃ)၊ မြေရေိယာ(၀ဒသမ၀၃၃)ကေရှိ ဘိုးဘပိုင်မြေကွက်သည် မော်လမြိုင်မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနရုံး၏ မှတ်ပုံတင်(၁- က) စာရင်းတွင် ဦးကိုကိုလေး၊ မမြမြစမ်း၊ မခင်ခင်စမ်း၊ မလှလှစမ်းတို့၏ အမည်ပေါက်ပါသည်။ ဦးကိုကိုလေးမှ ၎င်း၏ဝေစုအား ဦးချူစီ(ခ)ဦးသက်နိုင်ထံသို့ မေတ္တာဖြင့် ပေးကမ်းခြင်းစာချုပ်မှတ်ပုံတင်အမှတ်(၂၄၅/၂၀၁၅)အရပေးအပ်ခဲ့ပြီး မမြမြစမ်း၊ မခင်ခင်စမ်း၊ မလှလှစမ်းတို့၏ အမွေများအားဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသည့် ဦးမင်းဇော်၊ ဒေါ်တင်တင်လှ၊ ဒေါ်ဝင်းဝင်းသက်၊ ဦးစိုးမိုး၊ ဦးစိုးပိုင်၊ ဦးကိုကိုနိုင်၊ ဒေါ်သီတာနှင့် ဦးဝင်းဟန်တို့မှ ကျမ်းကျိန်မှတ်ပုံတင်အမှတ်(၃၂၉/၂၀၂၃)နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၃၃၀/၂၀၂၃) တို့အရ ပိုင်ဆိုင်လာခဲ့ပြီးနောက် အမွေဆိုင်(၈)ဦးတို့က ဒေါ်သီတာထံသို့ စွန့်လွှတ်စာချုပ်မှတ်ပုံတင်အမှတ်(၃၃၃/၂၀၂၃)ဖြင့် ၎င်းတို့၏ အမွေဝေစုများအား စွန့်လွှတ်ပေးထားသည့် မြေကွက်ဖြစ်ပါသည်။ ဒေါ်သီတာမှ ဒေါ်သက်ဖြိုးဝေထံသို့ မြေကွက်အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ်(၄၂၇/၂၀၂၃)အရ ရောင်းချခဲ့ပါသဖြင့် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနတွင် ဘိုးဘပိုင်အမှုတွဲအမှတ် ၀၆၅/ဘိုးဘ/၂၀၂၄-၂၀၂၅အရ ကိုကိုလေး၊ မမြမြစမ်း၊ မခင်ခင်စမ်း၊ မလှလှစမ်းတို့၏ အမည်မှ ဒေါ်သက်ဖြိုးဝေ၏ အမည်သို့ အမည်ပြောင်းလဲခွင့်လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁)လအတွင်းခိုင်လုံသောအထောက်အထား(မူရင်း) များနှင့် မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဝင်းအေး(တရားလွှတ်တော်ရှေ့နေ)**
**စဉ်-၁၀၂၄၃(၂၇-၁-၂၀၁၅)**
**အမှတ်(၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်မြို့၊**
**ဖုန်း-၀၉- ၄၂၅၃၆၃၈၈၅**


### မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများ လွှဲပြောင်းဖြန့်ဖြူးခြင်း

Asiatic Agricultural Industries Pte Ltd (Singapore) မှ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသူ JJ-Pun Trading Co., Ltd မှ Asiatic Agricultural Industries Pte Ltd (Myanmar Branch) သို့ ဖြန့်ဖြူးသူပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချမည် ဖြစ်ပါ သည်။

| စဉ် | ကုန်သွယ်မှုအမည် | အဆီဝိရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | ABLE MAX | Cypermethrin 25 % w/w EC | Full | F2023-4466 |
| ၂။ | ARMOUR 200 SC | Imidacloprid 200 g/l SC | Provisional | P2018-4478 |
| ၃။ | Malanon 95 ULV | Malathion 950 g/l ULV | Full | F2014-939 |
| ၄။ | Quest MC | Lambda-cyhalothrin 25g/l MC | Full | F2020-2782 |
| ၅။ | Roban | Bromadiolone 0.05 g/kg RB | Full | F2020-2781 |
| ၆။ | Shield 50 SC | Fipronil 50 g/l SC | Full | F2023-4220 |
| ၇။ | SNIPER CG | Fiproinil 0.05 % w/w CG | Full | F2023-4465 |
| ၈။ | Spar 1 % SG | Temephos 1 % SG | Full | F2017-1459 |
| ၉။ | VIC 80 SC | Bifenthrin 80 g/l SC | Full | F2020-2786 |
| ၁၀။ | VISTA 10 EC | Bifenthrin 100 g/l EC | Full | F2023-4464 |
| ၁၁။ | Safeguard 500 EC | Permethrin 500 g/l EC | Full | F2019-1883 |
| ၁၂။ | Protect Total | Azamethiphos 1 % GB | Full | F2019-1879 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်သို့ နှစ်ပတ်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

Asiatic Agricultural Industries Pte Ltd (Myanmar Branch), Room 209, Rangoun Business Center, West Shwe Gone Daing Road, Bahan Township, Yangon. Phone: 095145328


## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ရတနာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ မြေရေိယာ (၀.၀၅၅)ရှိ မြေကွက်အမှတ် (ပ-၃၃၅၄၆)ကို အမည်ပေါက် ဒေါ်ခင်မာချို (ဘ)ဦးအောင်ငွေ ၁၂/တမန(နိုင်)၀၅၄၄၈၈၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်စန်းစန်းမြင့် (ဘ)ဦးသောင်းရွှေ ၁၄/လပတ(နိုင်)၂၁၈၇၁မှ ဦးကျော်သူ (ဘ)ဦးလှခင် ၁၄/မမန(နိုင်)၂၂၂၄၀၁နှင့် မှတ်ပုံတင်အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားစာချုပ်(မိတ္တူ)၊ ပျဉ်းမနားမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၄၀၂/၂၀၂၃ (၆-၇-၂၀၂၃)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ အကွက်အမှတ်(၁၆က/၄)၊ ဦးပိုင်အမှတ် (၇၃/ပ)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်သည် မူလက ဒေါ်ထွယ်လတ်အမည်ဖြင့် ၁၄-၅-၂၀၄၈ ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်ထွယ်လတ်က ၁၇-၆-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၃၁၄/၂၀၂၄)အရ အဆိုပါမြေကွက်အား ဒေါ်စွဲ့အေးနေ ၁/ပတအ (နိုင်)၀၃၈၈၃၉ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်စွဲ့အေးနေ အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၂ခ၊ မြေမြင့် ရပ်)၊ ဦးပိုင်အမှတ်(၈/၆)၊ မြေဧရိယာ ၀ ဒသမ ၂၂၆ ဧကရှိမြေကွက်အား မူလက ဒေါ်မာဒူဒေဗီအမည်ဖြင့် ၁၂-၁၂-၂၀၁၄ ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ ဒေါ်မာဒူဒေဗီထံမှ ဦးပိုင်(၈/၆ခ)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကအပိုင်းကို ဒေါ်လဲ့လဲ့ခိုင် ၅-၄-၂၀၁၃ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၈၂/၂၀၁၃)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်လဲ့လဲ့ခိုင် ၁/ပတအ(နိုင်)၀၀၀၃၂၉အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ N-3 (ကိုယ်ပိုင် အထက်တန်းကျောင်း) Grade-9မှ (ဘ) ဦးအောင်ကိုကိုငြိမ်း ၏သား မောင်ဘုန်းပြည့်စုံအား မောင်ဘုန်း ပြည့်စုံမင်းဟု ပြောင်းလဲခေါ်ဆိုပါ ရန်။

**မောင်ဘုန်းပြည့်စုံမင်း**

## ဖခင်အမည်မှန်

ကျိုက်မရောမြို့၊ ခရုံကျေးရွာနေ အထက(၉)မော်လမြိုင် Grade-10 မှ မင်းဗညားအောင် ၁၀/ကမရ (နိုင်) ၂၀၀၃၃၂ ၏ ဖခင်အမည်မှန် မှာ ဦးအုန်းထွန်း ၁၀/ပမန(နိုင်) ၂၃၃၃၉၂ ဖြစ်ပါကြောင်း။

**ဦးအုန်းထွန်း**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်ယုယုခင် ၁၁/မဥန (နိုင်)၀၈၁၀၄၈၏ ပတ်စ်ပို့နံပါတ် MA-186937 မှာ ၂၀-၆-၂၀၂၂ ရက်က ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေး ပါရန်။

**ဒေါ်ယုယုခင်**
**ဖုန်း-၀၉-၂၅၀၇၆၇၁၈၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/00827 Honda C90 Custom CMS ယာဉ် လက်ဝယ်ရှိသူ ဦးကျော်လင်းဦး ၉/မလန (နိုင်)၀၉၃၄၇၈ က (ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/33637 Canda-125, M/C ယာဉ်လက်ဝယ်ရှိသူ Toyomax Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/51506 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Princes Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/51898 Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်း ထွန်းသန်း ၉/မနမ(နိုင်)၀၆၂၉၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်းအမှတ် (၃၅/၁)၊ ဦးပိုင်အမှတ် (၉၅)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၇၄ ဧကရှိ မြေကွက် သည် မူလက ဦးရမ်ဒီယို(ခ)မောင်မောင် အမည်ဖြင့် ၈-၉-၂၀၂၉ ရက်အထိ နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးရမ်ဒီယို(ခ)မောင်မောင်က ၁၉- ၆-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၂၀/၂၀၂၄)အရ အဆိုပါမြေကွက်အား ဦးအဂျိုင်း(ခ)ခင်မောင်မြင့် ၁/မကန(ဧည့်)၀၀၀၇၂၄၊ DAW ANI THA (ခ) နီလာ ၁၀/မလမ(ပြု)၀၀၀၅၃၆၊ ဦးဇော်လင်းထွန်း ၁/မကန(နိုင်)၂၅၆၂၁၄၊ ဦးမင်းသီဟထွန်း ၁/မကန(နိုင်)၂၅၆၂၁၆၊ ဦးအောင် မျိုးထွန်း ၁/မကန(နိုင်)၂၅၆၂၁၅ (၅)ဦးထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါ သည်။ ယခုအခါ ဦးအဂျိုင်း(ခ)ခင်မောင်မြင့် ပါ(၅)ဦးအမည်ဖြင့် မြေငှား ဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေ ထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့် ကွက်သူမရှိပါကလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက် များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၂က)၊ ဦးပိုင်အမှတ် (၂၄/၁)၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၀၄ ဧကရှိ မြေကွက်သည် မူလက ဦးသန်းမောင်အမည်ဖြင့် ၅-၉-၂၀၁၄ ရက်အထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးသန်းမောင်သည် ကွယ်လွန် သွား ခဲ့ပြီးဖြစ်၍ ၎င်း၏ဇနီးနှင့် သား/သမီးများဖြစ်သည့် ဒေါ်ဖြား၊ ဦးသိန်းဦး၊ ဦးကျော်သိန်း၊ ဒေါ်ဝင်းမာ၊ ဒေါ်လဲ့လဲ့ဝင်း၊ ဒေါ်အေးအေးခိုင် (၆)ဦးတို့က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင် (၆)ဦးအနက်မှ (၄)ဦးတို့က ၁၇-၅-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင် အမှတ် (၂၆၁/၂၀၂၄)အရ အမွေဆိုင်မြေကွက်အား ဒေါ်ဝင်းမာ(၁/မကန(နိုင်) ၀၀၆၇၄၄၊ ဒေါ်အေးအေးခိုင်၊၁/မကန(နိုင်)၁၀၃၂၄၃ (၂)ဦးထံသို့ အပြီးအပိုင် စွန့်လွှတ်ပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဝင်းမာ ပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံ စွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)သုဝဏ္ဏာ (လုံးချင်း)၊ မြေကွက်အမှတ်(၁၂၇/က)၊ မြေကွက်တည်နေရာအမှတ်(၁၂၇/က)၊ မြဝတ်ရည်လမ်း၊ ၂၉/သုဝဏ္ဏာလုံးချင်းရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် (ဦးသိန်းစိန်) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသိန်းစိန်နှင့် ဦးမျိုးသန့်တို့အား တရားပြိုင်ထား၍ ဒေါ်မေဇာဝင်းမှ သဃ်န်းကျွန်းခရိုင်တရားရုံး တွင်တရားလို ပြုလုပ်စွဲဆိုသော တရားမကြီးမှုအမှတ်-၂၁၃/၂၀၂၃ (၁၈-၁၂-၂၀၂၄)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၁၂/၂၀၂၄ (၂၆-၂-၂၀၂၄)၏ ထုံးပုံကျအပြီးသတ်အမိန့်၊ တရားရုံး၏ ဘိလစ်ခန့်စာတို့ တင်ပြ၍ တရားရှုံးကိုယ်စား ဘိလစ်ဒေါ်မေသူဇာအောင် ၁၂/မဂတ(နိုင်)၁၀၇၃၅၁ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပိုင်ဆိုင်မှုအထောက်အထားလျှောက်ထားရန်ကြေညာခြင်း

တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ ကွင်းအမှတ်(၅၃)၊ ဝမ်မိုင်လမ်း၊ ဦးပိုင် ၁၀၀၃/၂၂၈၁ ၊ အိမ်အမှတ်(၇/၃၁၃)၊ မြေဧရိယာ ၀ ဒသမ ၂၅ ဧကရှိ အိမ်ခြံမြေကွက်အား မူလပိုင်ရှင် ဦးစိုင်းအေး ၁၃/ ကတန(နိုင်)၁၈၃၆၂၄ မှ သမီးကြီးဖြစ်သူ နန်းခင်အေးစီ ၁၃/တခလ(နိုင်)၀၉၈၀၂၁ အပါအဝင် သား သမီး(၄)ဦးတို့ကိုယ်စား ဦးလေးဖြစ်သူ ဦးစိုင်းကျောက်၁၃/ကတန(နိုင်)၁၂၃၂၅၃ ထံသို့ ၁၄-၉-၂၀၁၆ ရက်တွင် အပြီးအပိုင်အမွေပေးအပ်ခဲ့ပါသည်။

အဆိုပါမြေကွက်အား အမွေဆက်ခံရရှိခဲ့ကြသူ သမီးနန်းခင်အေးစီ အပါအဝင် မောင်နှမ(၄)ဦးတို့၏ သဘောတူညီမှုဖြင့် မြေကွက်ပိုင်ဆိုင်မှုအမွေ ထိန်းသိမ်းလက်ခံရရှိထားသူ ဦးစိုင်းကျောက်မှ ၇-၈-၂၀၂၀ ရက်တွင် ဦးစိုင်းနွံ ၁၃/ကတန(နိုင်)၁၂၃၂၄၈ ထံသို့ ရောင်းချပေးခဲ့ပါသည်။ ဦးစိုင်းနွံမှတဆင့် ဒေါ်နုလှထွေး ၂/လကန(နိုင်)၀၈၈၅၈၇ ထံသို့ ၅-၆-၂၀၂၃ ရက်တွင် ထပ်မံရောင်းချပေး ခဲ့ပြီး ဒေါ်နုလှထွေးထံမှတဆင့် ကျွန်မ မနန်းဟွမ် ၁၃/မယတ(နိုင်)၀၄၀၃၂၉ မှ ၂၅-၃-၂၀၂၄ ရက်တွင် စာချုပ်စာတမ်းများနှင့်အတူ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသဖြင့် ကျွန်မ မနန်းဟွမ်အမည်ဖြင့် သက်ဆိုင်ရာရုံးဌာနများတွင် ပိုင်ဆိုင်မှုအထောက်အထားလျှောက်ထားဆောင်ရွက် သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ရက်(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက သက်ဆိုင်ရာရုံးဌာနသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မနန်းဟွမ် ၁၃/မယတ(နိုင်)၀၄၀၃၂၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့၊ ဈေးရပ်ကွက်၊ မေတ္တာလမ်း၊ အကွက်အမှတ်(၅)၊ တိုက်ကြီးငှက်ပျောတောကွက်၊ ဦးပိုင်အမှတ် ၂၅ᵃ၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ နှစ်(၃၀)မြေငှားဂရန်ရရှိပြီး အဆောက်အအုံ အပါအဝင် မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ကို ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်မြဝင်း ၁၂/တကန(နိုင်)၀၀၅၅၀၆ နှင့် ဒေါ်နှင်းနှင်း ၁၂/တကန(နိုင်)၀၀၅၅၀၈ တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးထွန်းမင်းဦး ၁၂/တကန(ဧည့်)၀၀၀၃၁၅ တို့က အပြီး အပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက် ခုနစ်ရက်အတွင်း စာချုပ်စာတမ်း၊ စာရွက်စာတမ်း၊ အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးထွန်းမင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှငွေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၈၇)**
**မြသီတာ(၄)လမ်း၊ အိုးတန်းရပ်ကွက်၊ တိုက်ကြီးမြို့။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## တနိုင်းမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

| | | |
|---|---|---|
| ဦးဆန်းနိုင် | နှင့် | ဒေါ်ယွန်းစန္ဒာ |
| **တရားလို** | | **တရားပြိုင်** |

ကချင်ပြည်နယ်၊ တနိုင်းမြို့၊ ဒူးကောင်းရပ်ကွက်နေ တရားပြိုင် ဒေါ်ယွန်းစန္ဒာ (ဘ) ဦးဖြိုးဝေ (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ ဦးဆန်းနိုင်က "လင်မယားကွာရှင်းပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက် (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထူးအောင်မွန်)**
**မြို့နယ်တရားသူကြီး**
**တနိုင်းမြို့နယ်တရားရုံး**

Retail Merchant Advertising Myanmar Company Limited

## မြန်မာနိုင်ငံ လူမှုခံယူခြင်းဆိုင်ရာ ဥပဒေ
## ပုဒ်မ ၁၄၂ (က) (၂) နှင့် နည်းဥပဒေ (၉) (က) အရ
## ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းခြင်းအား ကြေညာခြင်း

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်တွင် ကျင်းပပြုလုပ်သည့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ Retail Merchant Advertising Myanmar ကုမ္ပဏီလီမိတက်အား အဆိုပါနေ့ရက်မှစ၍ ဒါရိုက်တာအဖွဲ့ဝင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြပြီး တရားလွှတ်တော်ရှေ့နေ ဦးကျော်စွာမြင့်အား MAIP (00110)အား ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်ထားပါသည်။ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ခိုင်မာသည့် သက်သေခံစာရွက်စာတမ်းများနှင့်အတူ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဦးကျော်စွာမြင့်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိ (MAIP-00110)**
**ဖုန်း-၀၉-၂၅၀၁၄၉၀၀၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)၊ တိုက်(၁၁)၊ အခန်း(၀၀၃) အမည်ပေါက် ဦးကမ်းဆွမ်းခိုင်မှာ ၂၉-၄-၂၀၂၁ ရက်တွင် ကွယ်လွန်သွားပြီဖြစ်၍ ဇနီးဖြစ်သူ ဒေါ်ခိုင်သန္တာဦး ၇/ဇကန(နိုင်)၀၀၀၆၉၁ မှ တိုက်ခန်းပိုင်ဆိုင်မှု Owner Book မူရင်းစာအုပ်ထုတ်ယူ ခွင့်ပြုပါရန် သေစာရင်းမိတ္တူ၊ တရားရုံးကျမ်းကျိန်လွှာ၊ တိုက်ခန်းနှင့်ပတ်သက်၍ စာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြလာပါသဖြင့် Owner Book ထုတ်ပေးခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပိုင်ဆိုင်မှု Owner Book စာအုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာလိုက်သည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ သုတလမ်း၊ မြေကွက်အမှတ်(၄၂၂)၊ မြေပေအကျယ် (၄၀ x ၆၀)ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်နေသည့် (၂)ခန်းတွဲ(၆)ထပ်ခွဲ RC အဆောက်အအုံမှ မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေးအခန်းယူစာချုပ်အရ ကန်ထရိုက်တာ ဒေါ်ခင်မွန်မွန်ဝင်း(ခ)မွန်မွန် ၇/သနပ(နိုင်)၀၆၁၇၈၉ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော လမ်းမတိုက်သို့ မျက်နှာမူလျှင် ညာဘက်ခြမ်းရှိ တတိယထပ်(၄-လွှာ)၊ အခန်းအကျယ်အဝန်း စတုရန်းပေ(၉၇၂)ခန့်ရှိပြီး ကိုယ်ပိုင် လျှပ်စစ်မီတာနှင့် ကိုယ်ပိုင်ရေမော်တာ ပါဝင်ကာ ဓာတ်လှေကားအသုံးပြုခွင့်ရရှိသော တိုက်ခန်းတစ်ခန်းသည် အရှုပ်အရှင်းကင်းရှင်း၍ ရောင်းချသူက မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါ တိုက်ခန်းအား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သွယ်သွယ်တိုး ၁၂/မဂတ(နိုင်)၀၀၂၉၅၅ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၄)လမ်း၊ အမှတ်(၄၅-က)၊ အကျယ်အဝန်း (၁၂ ၁/၂ x ၅၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ နေအိမ်အပါအဝင် (ရေ + မီး) နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကျင်ထွေး ၁၂/လမန(နိုင်)၀၆၆၅၄၇ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၃)**
**အမှတ်(၁၈၉)၊ အညာစုလမ်း၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့ နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၅၀၀၈၀၀၆၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ဓမ္မစိန္တာလမ်း၊ မြေကွက်အမှတ်(၁၀၀၄)၊ မြေပေ အကျယ်(၄၀ x ၆၀)ပေရှိဦးအုံးလှိုင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၁၀၀၅)နှင့်ကပ်လျက်(ခေါင်းရင်းဘက်ခြမ်း)၊ မြေပေအကျယ် (၂၀ x ၆၀)ပေ၊ စတုရန်းပေ(၁၂၀၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အာစီရိ(၂-ထပ်)လုံးချင်းနေအိမ်အပါအဝင်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ဇာနည်ဇော် ၁၂/ကမရ(နိုင်)၀၀၀၆၁၈ က အထက်ပါအိမ်ခြံမြေကွက်ကို မိမိသာတရားဝင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဲသဲနွေး ၁၂/မဂဒ(နိုင်)၁၂၉၂၂၂ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B,D.B.L,D.M.L,D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ဖခင်အမည်မှန်

ဒေးဒရဲမြို့၊ အ.ထ.က(၂)၊ Grade-11 မှ မစန္ဒာအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော် ၁၄/ဒဒရ (နိုင်)၁၈၄၀၇၆ ဖြစ်ပါကြောင်း။

**ဦးဇော်**

## အမည်ပြောင်း

တောင်ကြီးမြို့နယ်၊ အ-ထ-က (၁) အေးသာယာ Grade-12 မှ မီးမီးအား ယနေ့မှစ၍ မေမြတ်နိုးသူဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အ.ထ.က(၄) Grade-12(D) မှ နန်းရွှေစင်ထူး၏ ဖခင်အမည်မှန်မှာ ခွန်သောင်းတင် ၁၃/တကန(နိုင်)၁၆၄၁၆၃ ဖြစ်ပါကြောင်း။

**ခွန်သောင်းတင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၇-၂၀၂၄ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၁) တောင်ငူခရိုင်တရားရုံးတော်၊ ပြင်ဆင်မှု လျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူသို့ အကြောင်းကြားစာ ကြော်ငြာတွင် တရားမကျင့်ထုံး ဥပဒေအမိန့်-၁၁၅ အစား (တရားမကျင့်ထုံး ဥပဒေပုဒ်မ-၁၁၅)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9A/6360 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**က.ည.န ၊ ခရိုင်ရုံး(သထုံ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 58W/29594 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူ ၁၄/ဟသတ(နိုင်)၂၈၁၇၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး**
**(ဟသာ်တ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 75W/99011 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူ ၁၄/ဟသတ(နိုင်)၂၈၁၇၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး**
**(ဟသာ်တ)**

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

ကော့ကရိတ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ ကွက်သစ်(၁)လမ်းနေ ဦးမာဒင်၏သား ဦးကျော်စွာဝင်း ၃/ကကရ(နိုင်)၁၆၆၅၆၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်၊ (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း -၀၉-၇၉၂၄၀၅၆၃၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်၊ ဦးပိုင်အမှတ်(၁၇၀)၊ ဧရိယာ ၀ ဒသမ ၀၉၂ဧကအား ဦးစိုးတင့် (ဘ) ဦးစံခင် ၉/တကန(နိုင်)၁၆၇၂၄၃မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်စမ်းစမ်းမြင့် (ဘ) ဦးချွဲ ၉/တကန(နိုင်)၁၀၅၆၉၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ နယ်မြေ(၄)၊ ခြသေ့်ကြားလမ်း၊ အမှတ်(၁၅၀)နေ ဒေါ်ဝင်းကြည်(ခ)ဒေါ်နီ ၁၃/တကန(နိုင်)၀၈၉၁၈၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၁၅/ပင်လုံရပ်၊ ဦးပိုင်အမှတ်(၃၃-က)၊ မြေကွက်အမှတ်(၄၄/၁၀၆)၊ ဧရိယာ ၀ ဒသမ ၂၆၆ ဧကရှိ မြေကွက်သည် မိခင်ဖြစ်သူ ဒေါ်ကြွယ်အမည်ပေါက်ရရှိထားသော မြေငှားဂရန်ဖြစ်ပြီး ပျောက်ဆုံးသွားပါကြောင်း၊ အဆိုပါမြေငှားဂရန်ကို သက်ဆိုင်ရာဌာနတွင် မူရင်းခွဲမိတ္တူလျှောက်ထားမည်ဖြစ်ကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ဒေါ်ဝင်းကြည်(ခ)ဒေါ်နီထံသို့လည်းကောင်း၊ ကျွန်ုပ်ထံသို့လည်းကောင်း ခိုင်မာသော စာရွက်စာတမ်းအထောက်အထားမူရင်း ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းကြည်(ခ)ဒေါ်နီ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နန်းမြမြဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၂၃)**
**ရွှေမောင်းတောင်လမ်း၊ နယ်မြေ(၄)မြောက်၊ ကံကြီးရပ်ကွက်၊ တောင်ကြီးမြို့၊**
**ဖုန်း-၀၉-၉၆၅၃၆၉၃၃၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁) UE(1)တိုးချဲ့၊ ဘီအမ်(၁)လမ်း၊ မြေကွက်အမှတ်(၅၀၃) ခြေရင်းခြမ်း အလျား(၂၀)ပေ x အနံ(၆၀)ပေရှိ ဦးတင်မြင့် အမည်ပေါက်(ပါမစ်မြေ)နှင့် ၎င်းဝယ်ယူပိုင်ဆိုင်ထားသော ပါမစ်မိတ္တူခြမ်းနှင့် ဆက်စပ်စာချုပ်များအရ တရားဝင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်ကြည်ကြည်ဇင် ၁၂/တမန(နိုင်)၀၅၀၂၈၅ မှ ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် ဆန္ဒရှိသဖြင့် ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မင်းဝင်း LL.B,D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၀၉)**
**အမှတ်(၁၁၂၈)၊ ဘုရင့်နောင်(၁)လမ်း၊ (၅၁)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၉၂၄၂၇**

## မိဘအမည်မှန်

ညောင်ရွှေမြို့၊ အ.ထ.က(၁) Grade-12(B) မှ မနှင်းပွင့်ဖြူ၏မိဘအမည်မှန်မှာ ဦးမျိုးမြင့် ၁၃/ညရန(နိုင်)၁၀၁၆၉၀-ဒေါ်မျိုးချစ်ထွေး ၁၃/ညရန(နိုင်) ၁၀၁၇၄၈ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6J/1918 Suzuki Carry P/U(4x4)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုးမင်း ၈/သရန(နိုင်)၀၈၅၈၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(သရက်)**

## အမည်မှန်မိဘအမည်မှန်

တောင်ကြီးမြို့၊ လမင်းအိမ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မနန်းဝင်း၏ အမည်မှန်မှာ နန်းသင်းစိန် ဖြစ်ပြီး မိဘအမည်မှန်မှာ ခွန်စောမောင် ၁၃/တကန(နိုင်)၂၃၁၄၀၇-နန်းအွန်း ၁၃/တကန(နိုင်)၂၃၁၄၂၉ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9D/6159 Mitsubishi Fuso FSS10VZ, Truck (8 x 4)R ယာဉ်လက်ဝယ်ရှိသူ ဦးသီဟစိုး ၉/ပဘန(နိုင်)၂၁၄၂၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ကြည်း ၈၂၆၂ ဗိုလ်ကြီးစိန်ဝင်း(ငြိမ်း)
## (ဗနတ)
## အသက်(၉၅)နှစ်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ စစ်ကိုင်း(၃)လမ်းနေ (ဦးစိန်ဖေ-ဒေါ်ခင်ခင်)၊ (ဦးတင်ဦး-ဒေါ်တင်တင်)တို့၏သား၊ ဗိုလ်ချုပ်ဇော်ဝင်း(ငြိမ်း)၊ ဒေါ်နန်းရွှေနုယဉ်၊ ဒေါက်တာမော်မော်ဝင်း၊ ဒုတိယဗိုလ်မှူးကြီး အေးလှိုင်(ငြိမ်း)၊ (ဗိုလ်မှူး နိုင်ဝင်း)၊ ဒေါ်မိုးမိုးအောင် တို့၏ မွေးသဖခင်၊ မြေး(၇)ယောက်တို့၏အဘိုး၊ မြစ် (၂)ယောက်၏ ဘိုးဘိုးကြီး သည် ၂၈-၈-၂၀၂၄ ရက် ည ၁၁:၄၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းရောက်ရှိသွားပါသဖြင့် ၂၉-၈-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ငြိမ်းအေးဇရပ်မှ တပ်မတော်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ခင်စောနွဲ့
## အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်) ရပ်ကွက်၊ အမှတ် (၃၈)၊ သီရိမင်္ဂလာလမ်းနေ ငြိမ်းချမ်းရေးဖခင်ကြီး ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏မြေး၊ (ဦးစိန်ညွန့်-ဒေါ်ကျင်ကျူး)တို့၏သမီးကြီး၊ (ဦးစိန်ခို-ဒေါ်ခင်ခင်)တို့၏ သမီးချွေးမကြီး၊ (ဦးအောင်ဖေယျ)၏ဇနီး၊ (ဒုတိယဗိုလ်မှူးကြီးသူရ)-ဒေါ်ခင်အုန်းလှတို့၏ညီမ၊ (ဦးငွေတိုး)၊ ဦးခင်မောင်ဦး-(ဒေါ်ခင်စောနန်း)၊ (ဦးငွေစိုး)-ဒေါ်အေးအေးကြွယ်၊ ဒုတိယဗိုလ်မှူးကြီး အောင်မြင့်ဝင်း(ငြိမ်း)-(ဒေါ်စောဥမ္မာ)၊ ဦးခင်မောင်ဌေး -ဒေါ်မေမြတ်မွန်တို့၏ အစ်မကြီး၊ ဦးမောင်မောင်တင်-ဒေါ်ခင်ဥမ္မာအောင်၊ ဦးစည်သူအောင်-ဒေါ်ကြည်ကြည်စန်းတို့၏ ချစ်လှစွာသော မွေးသမိခင်၊ မအေးသူဇာ၊ ကိုစိုးစံဖြိုး-မခင်စစ်သွေး၊ မောင်သက်နိုင်စိုး၊ မသဲနှင်းဆီတို့၏ ချစ်လှစွာသော ဘွားဘွား သည် ၂၇-၈-၂၀၂၄ရက် (အင်္ဂါနေ့) ည ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၂၄ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/ဘဝမြင့်)၊ လူနေရပ်ကွက်အမှတ် (မလိခအိမ်ရာ)၊ အာနန္ဒာဘုရားလမ်း၊ မြေကွက်အမှတ် (၁၃၆)၊ Block No. LB-B5၊ ကုမ္ပဏီမြေကွက်အမှတ် (11A)၊ အကျယ်အဝန်း (၀.၁၃၅)ဧက (၅၈၈၃)စတုရန်းပေရှိ မဟာရွှေတောင်ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက် အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှဲ့လှဲ့ဝင်း (၅/ခဥန (နိုင်) ၀၈၈၇၀၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/38017, Dayang-110 ယာဉ်လက်ဝယ်ရှိသူ Pan Myat Cherry Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၁၂၅၅)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက် ဒေါ်စမ်းမြင့်အေး၊ ၉/ပမန (နိုင်) ၁၇၃၄၀၆မှ နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်သန်းသန်းဌေး ၅/စကန(နိုင်)၁၉၁၃၈၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီမြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 37W/75231, Dayang-110 ယာဉ်လက်ဝယ်ရှိသူ Chindwin Ayeyar Con Fluence Co.,Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

သံဖြူဇရပ်မြို့နယ်၊ ဝဲရတ်ကျေးရွာ၊ လမ်းမတန်း၊ အိမ်အမှတ်(၆၈) နေ ဒေါ်မသန်း ၁၀/သဖရ(နိုင်) ၁၂၁၇၉၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မသန်း၏ သမီးဖြစ်သူ မလွန်းခင်သည် မိဘ၏ဆိုဆုံးမစကားကို နားမထောင်ဘဲ၊ မိဘအားအကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေသဖြင့် ခွင့်မလွှတ်နိုင်သော လုပ်ရပ်များကြောင့် မလွန်းခင်အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအား လုံးဝတာဝန် ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မလွန်းခင်နှင့် အများသိစေရန် ကြေညာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချိုယဉ်မင်းအေး
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၁၆)(၁၃-၁၁-၂၀၁၈)
ဝယ်သွန်ချောင်ကျေးရွာ၊ သံဖြူဇရပ်မြို့နယ်

## ဦးကျော်ဆွေဝင်း(ပခုက္ကူ)
B.E(EP-72)
Electrical Engineer (E.O)
(New Asia Shipping Company Ltd)
(အငြိမ်းစား)
## အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ချယ်ရီကွန်ဒို၊ တိုက် ၂၊အခန်း 5-A နေ (ဦးမင်း-ဒေါ်စိန်ရေး) တို့၏သား၊ (ဦးထင်ပေါ်-ဒေါ်တင်ကြည်) တို့၏သားသမက်၊ ဒေါ်ခင်သက်မူ ၏ခင်ပွန်း၊ မအိအိကျော်သက်၊ မစုစုကျော်သက်၊ မဖူးပွင့်ဝေကျော်နှင့် မောင်ထူးဝေထက် တို့၏ဖခင်၊ မောင်ဇေယံဘုန်းထက် ၏အဘိုးဖြစ်သူ ဦးကျော်ဆွေဝင်း သည် ၂၉-၈-၂၀၂၄ရက် (ကြာသပတေးနေ့)၊ မွန်းလွဲ ၁၂ နာရီ ၂၃ မိနစ်တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၃၁-၈-၂၀၂၄ရက် (စနေနေ့) နံနက် (၁၁) နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဝမ်းနည်းစွာ အသိပေး အကြောင်းကြား အပ်ပါသည်။
(နေအိမ်မှ ကားများ နံနက် (၉:၃၀)နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ် (၄၁၄/၂)၊ ဦးပိုင်အမှတ် (၃)၊ ၆၅လမ်း၊ ၃၄x၃၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော တရားရုံးချုပ်၏ (ကိုယ်စားလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန္ဒာထွန်းမှ တာဝန်ယူလက်မှတ်ရေးထိုးသည်)က ဂရန်စာချုပ်မူရင်းမှာ အထားအသိုမှားယွင်း၍ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များနှင့်အတူ အမှုတွဲအမှတ် ၃၄၅၅/၂၀၂၄-၂၀၂၅ ဖြင့် ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဉ္စနမဟီရပ်ကွက်၊ အကွက်အမှတ် ၆၃၉၊ ဦးပိုင်အမှတ်(၅၂.C)၊ ၇၈လမ်း၊ ၃၄လမ်းထောင့်ရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်စောကေသီမြိုင်ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် အမှတ်(၂၉၈၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဆန်းဝင်း ၈/ရစက(နိုင်) ၀၀၀၀၉၂ ၊ ဒေါ်ဝင်းမာ ၁၃/လရန(နိုင်) ၀၀၇၉၅၁တို့က အမှုတွဲအမှတ်(၀၄၂၉/ဘ(ပြောင်း) ၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဠ-၁၃၊ ဦးပိုင်အမှတ် ၆၃၊ ၇၃x၇၄ကြား၊ ၁၁၇x၁၁၈လမ်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲအမှတ်(၂၄၂၈/၉၀-၉၁)အရ ဒေါ်မြသင်း AE-၁၆၈၆၇၄ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန် ဦးထွန်းနန္ဒာဆွေ ၉/မနတ(နိုင်)၀၀၇၃၈၀မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် ၇၉၆၊ ဦးပိုင်အမှတ် ၄၂၊ ၆၂A လမ်း၊ ၂၃x၂၄ လမ်းကြားရှိ ဒေါ်မမယ် အမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၇၆၉/၂၀၂၄) ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်တင်ရီ ၉/မရမ(နိုင်)၀၁၉၂၃၁၊ ဦးကျော်လှိုင် ၉/မရမ(နိုင်)၀၁၉၆၁၇၊ ဒေါ်တင်ကြည် ၉/မနတ(နိုင်) ၀၅၂၁၀၃တို့က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်-၁၇၀/၁၇၄ ပေါ် တွင် ဆောက်လုပ်ထားသော တိုက်ခန်းအကျယ် (အလျား ၃၀ ပေx အနံ ၅၀ပေ) အကျယ်အဝန်း ၇ လွှာ (7/A) (အဆောက်အအုံဘက်သို့ မျက်နှာမူလျက်)(ယာ) တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ၂၀၁၈ ခုနှစ်မှစ၍ ဒေါ်နန်းတင်တင်ဌေး (၁၄/ခနဖ(နိုင်) ၀၈၃၄၁၃) လက်ရှိပိုင်ရှင်ဖြစ်သူ ဦးကိုကိုခိုင်အောင် (၁၀/မလမ(နိုင်)၀၁၉၃၈၈) တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမျိုးမြင့်အောင် (၁၂/ပဘတ(နိုင်)၀၃၃၀၃၁)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အဝက်ပေးချေပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ပြုလုပ်မည့်ပစ္စည်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကြေညာချက်ပါသည့်ရက်မှ (၁၀)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးမျိုးမြင့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်စန္ဒာမြင့် တရားလွှတ်တော်ရှေ့နေ
စဉ် - ၁၂၆၁၄ (၁-၆-၂၀၁၇)
အမှတ် - ၆၅ (က)၊ ချယ်ရီလမ်း၊ ၅၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၄၂၀၃၄၆၀၅၊ ၀၉-၇၉၅၅၉၅၇၆၀

## ဗိုလ်ကြီးမျိုးထွန်းဝင်း(ငြိမ်း)
## အသက် (၅၃)နှစ်

လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ အမှတ် (၁)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ် (၉၀/က)နေ (ဦးမျိုးညွန့်-ဒေါ်ဝါဝါဝင်း)တို့၏သား၊ ပိုင်းမော်မြို့နယ်နေ ဦးစိုင်းဦး-ဒေါ်မျိုးသီတာ (အလပြ၊ အထက (၂) ပိုင်းမော်)တို့ ၏မောင်၊ ဦးအောင်မျိုးဟိန်း(ခ) ဗိုလ်ချက်၊ လားရှိုးမြို့နယ်နေ ဦးမျိုးအောင်ခိုင်-ဒေါ်သီတာဝင်းတို့၏အစ်ကို၊ တူ၊ တူမ (၅)ယောက် တို့၏ဦးလေး ဗိုလ်ကြီးမျိုးထွန်းဝင်း (ငြိမ်း) အသက် (၅၃)နှစ်သည် ၂၈-၈-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁:၂၀နာရီတွင် လှိုင်သာယာပြည်သူ့ဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၃၀-၈-၂၀၂၄ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၂၄ရက် (အင်္ဂါနေ့) တွင် အထက်ပါနေအိမ်သို့ နံနက် ၇ နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## နတ်မောက်မြို့နယ်တရားရုံးတော်၌
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၈

| | | |
|---|---|---|
| ဒေါ်ငြိမ်းငြိမ်းဆွေ | နှင့် | ဦးအောင်ဇော်မျိုး |
| (တရားလို) | | (တရားပြိုင်) |

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ နတ်မောက်မြို့နယ်၊ ဈေးသာကျေးရွာနေ တရားပြိုင် ဦးအောင်ဇော်မျိုး(ယခုနေရပ်လိပ်စာမသိသူ) သိရှိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ငြိမ်းငြိမ်းဆွေက အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၉ရက်(၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။

(ထိန်လင်းနိုင်)
မြို့နယ်တရားသူကြီး
နတ်မောက်မြို့နယ်တရားရုံး

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက (ညောင်ပင်ဆိပ်)ကျောင်း Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်ကိုကိုလင်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော် ၈/အလန(နိုင်)၁၀၃၁၈၄ ဖြစ်ပါကြောင်း။

ဦးဇော်ဇော်

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက (၁) ကျောင်း Grade-12တန်း အခန်း(A) တွင် ပညာသင်ကြားနေသော မောင်မျိုးမြင့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်မျိုးသန်း ၈/မထန(နိုင်) ၀၀၀၄၀၈ ဖြစ်ပါကြောင်း။

ဦးအောင်မျိုးသန်း

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အမက (မြင့်ဦး)ကျောင်း Grade-7တန်းတွင် ပညာသင်ကြားနေသော မသီရိရှင်းသန့်၏ ဖခင်အမည်မှန်မှာ ဦးကိုဝင်း(ခ) ဦးအောင်ကိုဝင်း ၇/သကန(နိုင်) ၀၉၅၅၈၃ ဖြစ်ပါကြောင်း။

ဦးကိုဝင်း(ခ)ဦးအောင်ကိုဝင်း

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

အောင်လံမြို့နယ်၊ စက်ရုံရပ်ကွက်နေ ဦးဇော်ဇော်နိုင်(ဘ) ဦးစန်းမြင့် ၈/အလန(နိုင်) ၁၃၄၇၀၄ ၏ ပတ်စ်ပို့နံပါတ် MD-434683 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၉၂၉၉၇၀

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်းအမှတ် (၃၅/၁)၊ ဦးပိုင်အမှတ်(၃/ခ)၊ မြေချိန်ဧရိယာ (၀.၀၇၁)ဧကရှိ မြေကွက်သည် မူလက ဦးရမ်းဒါးရ်(ခ)မောင်မောင်၊ ဒေါ်နီနီသန်း (ခ)ဆူလိုချနား(၂)ဦးအမည်ဖြင့် (၈-၆-၂၀၄၇)ရက်အထိ(၃၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးရမ်းဒါးရ်(ခ) မောင်မောင်+ဒေါ်နီနီသန်း(ခ)ဆူလိုချနား(၂)ဦးတို့ က (၁၉-၆-၂၀၂၄) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၁၉/၂၀၂၄)အရ အဆိုပါမြေကွက်အား ဦးအဂျိုင်း(ခ)ခင်မောင်မြင့် ၁/မကန(ဧည့်)၀၀၀၇၂၄၊ DAW ANI THA(ခ)နီလာ ၁၀/မလမ(ပြု)၀၀၀၅၃၆၊ ဦးဇော်လင်းထွန်း ၁/မကန(နိုင်)၂၅၆၂၁၄၊ ဦးမင်းသီဟထွန်း ၁/မကန(နိုင်)၂၅၆၂၁၆၊ ဦးအောင်မျိုးထွန်း၊ ၁/မကန(နိုင်)၂၅၆၂၁၅ (၅)ဦးထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးအဂျိုင်း(ခ)ခင်မောင်မြင့်ပါ(၅)ဦးအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့်ကန့်ကွက် တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက် သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**


(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ နိုင်ငံတကာပြိုင်ပွဲများမှာ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေး လူငယ်လူရွယ်တိုင်းအားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်အောင် ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်းအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလို . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့်ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)




## ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နေ

### မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဩဂုတ် ၂၉

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ၃၀-၈-၂၀၂၄ ရက်တွင် ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတို့သို့ ရောက်ရှိနိုင်သည်။ ထို့မှတစ်ဆင့် ၁-၉-၂၀၂၄ ရက် တွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## ပြည်တွင်းခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများ EV လျှပ်စစ်ခရီးသည်ယာဉ်များဖြင့် ပြေးဆွဲလာ

ရန်ကုန် ဩဂုတ် ၂၉




မြန်မာ့လျှပ်စစ်ကား အသွင်ကူးပြောင်းရေး ဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်း EV လျှပ်စစ်တက္ကစီယာဉ်များကို အသုံးပြုလာကြပြီးနောက် ယခုအခါ ပြည်တွင်းခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်းများသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချပေးနိုင်သည့် ခေတ်မီ EV လျှပ်စစ်ခရီးသည်တင်ယာဉ်သစ်ကြီးများဖြင့် စတင်၍ ပြေးဆွဲလာကြကြောင်း သိရသည်။

ပြီးခဲ့သည့်လအတွင်းက ရန်ကုန် - မန္တလေး- နေပြည်တော် EV လျှပ်စစ်ခရီးသည်တင်ယာဉ်များဖြင့် ခရီးစဉ်ဝန်ဆောင်မှုများကို မန္တလာမင်းခရီးသွားယာဉ်လိုင်းက

စာမျက်နှာ ၁၅ ကော်လံ ၅ *

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲ ပထမအကျော့နောက်ဆုံးပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ရ



နေပြည်တော် ဩဂုတ် ၂၉

၂၀၂၄ ရာသီ MNL ယူ-၂၀ လူငယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ်(၁၃) နောက်ဆုံးနေ့ကို ဩဂုတ် ၂၉ ရက်က ဗဟန်းမြက်ခင်းတုကွင်း၌ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းက Dagon Port အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ရန်ကုန်ယူနိုက်တက်အသင်းသည် နိုင်ပွဲထပ်မံရယူကာ ပထမအကျော့အပြီးတွင် အမှတ်ပေးဇယားအဆင့် ၅ နေရာ

စာမျက်နှာ ၁၅ ကော်လံ ၅ ◆

**ယနေ့ သတင်းအညွှန်း**

**ဝင်္ဂဘော်ဆင်စခန်းတွင် ပထမဆုံး အကြိမ် ဆင်အမြွှာမွေးဖွားပြီး ကျန်းမာရေးကောင်းမွန်**

ပြည်တွင်းသတင်း စာ ၇



**အာဆီယံနှင့်မိတ်ဖက်နိုင်ငံများ သက်တန်းအလိုက် စစ်တုရင်ပြိုင်ပွဲတွင် မြန်မာငွေတံဆိပ်ရရှိ**

ပြည်တွင်းသတင်း စာ ၁၄

**အရွယ်မရောက်သေးသည့် ကလေးသူငယ်ကို အဓမ္မအလုပ်ခိုင်းစေပြီး လုပ်အားခများ ခေါင်းပုံဖြတ်ရယူခဲ့သူများကို အလုပ်နှင့်ထောင်ဒဏ်ချမှတ်**

ပြည်တွင်းသတင်း စာ ၁၅